# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 4 July 2023 ၁၁၁၄၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၏ဇနီး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အကြီးအကဲများ၊ ဝန်ထမ်းများ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

## ယနေ့ ဖတ်စရာ


MSMEs ပြန်လည်မြှင့်တင်ရေး စိတ်ကူးများမှသည် . . .

ဆောင်းပါး စာမျက်နှာ » ၆

သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

စာမျက်နှာ » ၈

ခံယူချက်မှန်ကန်စွာဖြင့် တာဝန်ထမ်းဆောင်မည့် အလုပ်သင်ဆရာဝန် ၆၀၀ ကျော်အား ကျန်းမာရေးဝန်ကြီးဌာနက ဂုဏ်ပြုကြိုဆို

စာမျက်နှာ » ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ နှမ်းများ



ဝင်ရောက်သမျှ အရောင်း အဝယ်ဖြစ်

စာမျက်နှာ » ၁၈

ကြေးမုံ

# စိုက်ပျိုးမွေးမြူရေးကိုအခြေခံ အခြားကဏ္ဍများတိုးတက်ဖြစ်ထွန်း

"စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသောကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍကို အခြေခံ၍ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ၊ သယံဇာတအရင်းအမြစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချ၍ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရကလည်း အစိုးရစွမ်းပကား၊ ပြည်သူကလည်း ပြည်သူစွမ်းပကားဖြင့် တစ်ယောက်တစ်လမ်း လုပ်ကိုင်ဆောင်ရွက်ကြလျှင် စီးပွားရေးအောင်မြင်မှုရရှိနိုင်မည်မဟုတ်ပေ။

"အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး" နိုင်ငံတော်အကြီးအကဲက တိုက်တွန်းပြောကြားထားသည်။ နိုင်ငံတော်၊ ထုတ်လုပ်သူ၊ ဝန်ဆောင်သူတို့ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုအားကြောင့် ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့ပြီး ပြည်သူများ၏စီးပွား၊ နိုင်ငံတော်၏စီးပွား တိုးတက်လာသည့်အခါ ခေတ်မီတိုးတက်သောစက်မှုကဏ္ဍကိုပါ ပေါင်းစပ်တည်ဆောက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် ကုန်ထုတ်လုပ်မှုများ အားကောင်းရန် ဦးစွာလိုအပ်သည်။ မြန်မာနိုင်ငံတွင် ယခုနှစ်၌ မိုးစပါးစိုက်ဧက ၁၄ ဒသမ ၉ သန်းရှိပြီး ခြောက်သန်းကျော်သာ သီးထပ်စိုက်နိုင်သည်။ မိုးစပါးစိုက်ပျိုးပြီးချိန်တွင် ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာနှင့် အခြားသီးနှံများ စိုက်ပျိုးကြပြီး ကျန်ရှိသည့် ဧက ခုနစ်သန်းကျော်တွင် သီးထပ်များစိုက်ပျိုးခြင်းမရှိပေ။ သီးထပ်များ မစိုက်ပျိုးနိုင်ခြင်းသည် အကြောင်းအမျိုးမျိုးရှိမည်ဖြစ်သော်လည်း စိုက်ပျိုးနိုင်သည့်အခြေအနေရှိသောဒေသများတွင် မဖြစ်မနေစိုက်ပျိုးခြင်းဖြင့် ဒေသစီးပွား၊ နိုင်ငံ့စီးပွား တိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသော ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုအပိုင်း၊ ကုန်သွယ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်းဟူ၍ အပိုင်းသုံးပိုင်းဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်မှုကောင်းသော်လည်း ကုန်သွယ်မှု၊ ဝန်ဆောင်မှုမကောင်းလျှင် အချည်းအနှီးပင်ဖြစ်မည်။ အဆိုပါအပိုင်းသုံးပိုင်းသည် နိုင်ငံ၏ ဂျီဒီပီတွက်ချက်မှုတွင် ပါဝင်သည်။ အဆိုပါကဏ္ဍများ၌ စက်မှုကုန်ထုတ်လုပ်မှုနှင့် အခြားလုပ်ငန်းများ များစွာပါဝင်သည်။ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်းကြောင့် ထိုက်သင့်သည့်ဈေးနှုန်းထက် ကြီးမြင့်နေသည်ကို တွေ့ရသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ကုန်ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားနိုင်သည်။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး အခြားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ကုန်ထုတ်စွမ်းအားများ ယခင်ကထက် သိသာစွာတိုးတက်လာခဲ့သည်။ ယခုဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွား ပြန်လည်ဦးမော့လာပြီး ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်။ ဆက်လက်၍ နိုင်ငံ့စီးပွားတိုးတက်လာစေရန်အတွက် ကုန်သွယ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်းများ အားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုကို အဓိကမောင်းနှင်နေကြသူများသည် နိုင်ငံအတွင်း တစုတစည်းတည်းဖွဲ့စည်းထားသည့် ကုန်သည်ညီနောင်များဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာစေရန်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပြီး ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတွင်လည်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်အမှီသဟဲပြု၍ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြပါက လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများတိုးတက်ပြီး နိုင်ငံ့စီးပွား မြင့်မားလာမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၆/၂၀၂၂ (မန္တလေး)၊ ၃၀/၂၀၂၂ (မန္တလေး)၊ ၁/၂၀၂၃ (ရန်ကုန်)နှင့် ၂/၂၀၂၃ (ရှမ်း) စုစုပေါင်းတရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၂ (ရခိုင်)၊ ၆/၂၀၂၃ (ပဲခူး) နှင့် ၁၂/၂၀၂၃ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု သုံးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၃၇ / ၂၀၂၃ )

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ အထကကျောင်းရှေ့၊ ပြည်တော်သာရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် (၂၀၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)**၏ မှတ်ပုံတင်အမှတ်မှာ ( ၃၂ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၃,၃၀၇ | ၂၆,၄၅၆,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၇,၁၅၀ | ၂၀,၃၇၇,၅၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၆၇ | ၄၈၂,၄၀၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၁,၂၀၃ | ၁,၇၅၃,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၁၂၅ | ၂၉၃,၇၅၀ |
| EFR | ၂,၃၅၀ | ၂,၄၅၀ | ၂၀ | ၄၈,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |
| MAEX | ၁,၈၀၀ | ၁,၈၅၀ | ၁၁၂,၄၇၃ | ၂၀၂,၉၄၆,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိသားစု၊ လူ့အဖွဲ့အစည်းများကတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်ရွယ်များအတွက် ကဏ္ဍစုံမှဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးရေးကို မြှင့်တင်လုပ်ဆောင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားသို့ပေးပို့သည့် မိန့်ခွန်း

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Message ဖြင့် မိန့်ခွန်းပြောကြားစဉ်။

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၃ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ ၂၀၂၃ ခုနှစ် ဇူလိုင်လ (၃) ရက်နေ့ဟာ မြန်မာနိုင်ငံ ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများ အားလုံးအတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ပဲ ဖြစ်ပါတယ်။ ဒီနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ ထူးချွန်တဲ့ အမျိုးသမီးများကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့လည်းဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူကြောင်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ (၃)ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၈ ခုနှစ်ကစလို့ မြန်မာအမျိုးသမီးများရဲ့ ထူးချွန်ထက်မြက်တဲ့ စွမ်းဆောင်ရည်များနဲ့ လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပကြပါတယ်။

မြန်မာအမျိုးသမီးများဟာ ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးတွေကို ယနေ့အထိ နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့ ကိုက်ညီစွာ ခံစားနေကြရတာ အားလုံးသိရှိပြီးသား ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့လူမျိုး အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်အသီးသီးမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ကိုလိုနီခေတ်လွတ်လပ်ရေး ကြိုးပမ်းမှု ကာလတစ်လျှောက်မှာလည်း အမျိုးသားများနဲ့ ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသမီးသူရဲကောင်းများစွာ ရှိခဲ့ကြပါတယ်။ ယနေ့မျက်မှောက်ကာလမှာလည်း စီးပွားရေး၊ လူမှုရေးနယ်ပယ်များနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာဆိုင်ရာ နယ်ပယ်များမှာ ထူးချွန်ထက်မြက်ပြီး ဂုဏ်ယူဖွယ်၊ စံပြအားထားဖွယ် မြန်မာအမျိုးသမီးများ များစွာပေါ်ထွက်ခဲ့ပါတယ်။

မြန်မာအမျိုးသမီးများအနေနဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မိသားစုတာဝန်ကစလို့ ကဏ္ဍစုံ၊ နယ်ပယ်စုံတွေမှာ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလာနေတာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များ ဖြစ်တဲ့ စစ်မှုထမ်း၊ ရဲမှုထမ်းများအဖြစ် အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး ထူးချွန်ထက်မြက်စွာ နိုင်ငံ့အကျိုးကို သယ်ပိုးလျက်ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာနဲ့ အာဆီယံဒေသအဆင့်တွေမှာ မြန်မာနိုင်ငံရဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကတိကဝတ်ပြုမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများအထူးသဖြင့်အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝ အခြေအနေမြင့်မားရေးမှာ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ အမျိုးသမီးများနဲ့ အမျိုးသားတန်းတူ ပါဝင်ခွင့်ရရှိရေးနဲ့ အမျိုးသမီးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာအောင် ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်မှာ အဖွဲ့ဝင်အဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ကွန်ဗင်းရှင်း အကောင်အထည်ဖော် ဆောင်ရွက်မှုများနဲ့ စပ်လျဉ်းပြီး အစီရင်ခံစာများကို UNCEDAW ကော်မတီသို့ တင်သွင်းခဲ့ရာမှာ စတုတ္ထနဲ့ ပဉ္စမအကြိမ် တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဆဋ္ဌမအကြိမ်မြောက် အစီရင်ခံစာကို ၂၀၂၃ ခု နှစ်ကုန်ပိုင်းမှာ တင်သွင်းဖို့ ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်လို့ အစီရင်ခံစာရေးသားမှုမှာ မိမိတို့နိုင်ငံက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံမှာ ကျား၊ မ တန်းတူညီမျှရေးနဲ့ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များကို ကဏ္ဍစုံ၊ နယ်ပယ်စုံက ပြည့်ပြည့်စုံစုံ ပါဝင်အောင် ထည့်သွင်းဖော်ပြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းအရ အစိုးရဌာနများမှာ အမျိုးသမီး ပါဝင်မှုနှုန်းအနေဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့်မှာ ၂၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်မှာ ၄၃ ဒသမ ၃ ရာခိုင်နှုန်း၊ ညွှန်ကြားရေးမှူးအဆင့်မှာ ၅၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်မှာ ၅၆ ဒသမ ၆ ရာခိုင်နှုန်း၊ လက်ထောက်ညွှန်ကြားရေးမှူး အဆင့်မှာ ၅၇ ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ ဒါကိုကြည့်ရင် ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှုကဏ္ဍမှာ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်ရည်များစွာ တိုးတက်မြင့်မားလာပြီး ကျား၊ မ ရေးရာတန်းတူညီမျှမှု ရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အနှစ်ချုပ် အစီရင်ခံစာအရ အသက် ၁၅ နှစ်နှင့်အထက် အမျိုးသမီး စာတတ်မြောက်မှုနှုန်းဟာ အမျိုးသား စာတတ်မြောက်မှုနှုန်းထက် ၆ ရာခိုင်နှုန်းခန့် လျော့နည်းပြီး အသက် ၁၅ နှစ်နဲ့အထက် လူဦးရေရဲ့ လုပ်သားအင်အားပါဝင်မှုနှုန်းမှာလည်း အမျိုးသမီး လုပ်သားအင်အား ပါဝင်မှုနှုန်းဟာ အမျိုးသားလုပ်သားအင်အား ပါဝင်မှုနှုန်းထက် အနည်းငယ် လျော့နည်းနေတာ တွေ့ရပါတယ်။ ဒီကိန်းဂဏန်းအချက်အလက်တွေအရ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်ရွယ်များရဲ့ လူမှုစီးပွားဘဝအခြေအနေ မြင့်မားရေးအတွက် ပညာသင်ကြား တတ်မြောက်ရေးကို မြှင့်တင်ပေးဖို့လိုပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် အလုပ်လုပ်ကိုင်နိုင်တဲ့အရွယ်ရှိ အမျိုးသမီးများရဲ့ အလုပ်လုပ်နိုင်တဲ့ စွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင်နေဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ပညာသင်ကြားသူလူငယ်များအားလုံး KG+9 အဆင့်ထိ ပညာသင်ကြားနိုင်ရေး အထူးအလေးထား ဆောင်ရွက်နေတာဖြစ်လို့ အကျုံးဝင်သူ အမျိုးသမီးများအားလုံး KG+9 အဆင့်ထိ ပညာသင်ကြားပြီးစီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါတယ်။

စာတတ်မြောက်မှုနဲ့ ပညာအရည်အချင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဆက်စပ်နေတဲ့အတွက် အမျိုးသမီးများကို ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ ယခုထက်ပိုမို အားပေးဖို့လိုသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ပညာရေး အားနည်းသူများအတွက် အိမ်တွင်းမှုလုပ်ငန်းများ အပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုလည်း တိုးမြှင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်အောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

၂၀၂၃ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ရဲ့ **“ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့” “(DigitALL: Innovation and technology for gender equality)”** ဆောင်ပုဒ်ကလည်း အမျိုးသမီးများနဲ့ ထိခိုက်လွယ်တဲ့ အုပ်စုများကို နည်းပညာလက်လှမ်းမီရရှိစေခြင်းဖြင့် အမျိုးသမီးများရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြစ်သလို ကျား၊ မ တန်းတူညီမျှမှုကို ပိုမိုမြှင့်တင်ပေးနိုင်စေမယ့် အလားအလာကောင်းများကို ဖြစ်ပေါ်စေပါတယ်။

ဒီလိုနည်းပညာဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီကို ကျား၊ မ တန်းတူညီမျှစွာ အရောက်လှမ်းနိုင်ဖို့အတွက် တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဒစ်ဂျစ်တယ်အသိပညာဆိုင်ရာ မြှင့်တင်ဆောင်ရွက်ဖို့၊ နည်းပညာလက်လှမ်းမီရရှိဖို့၊

**စာမျက်နှာ ၄ သို့**

> **စာတတ်မြောက်မှုနဲ့ ပညာအရည်အချင်းတို့ဟာ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဆက်စပ်နေတဲ့အတွက် အမျိုးသမီးများကို ခေတ်မီပညာရေးနဲ့ ခေတ်မီနည်းပညာများ သင်ကြားရာမှာ ယခုထက် ပိုမိုအားပေးဖို့ လိုသလို စာတတ်မြောက်ရေးနဲ့ ပညာရေးပြီးဆုံးမှုတို့ မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ပညာရေးအားနည်းသူများအတွက် အိမ်တွင်းမှုလုပ်ငန်းများ အပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်များကိုလည်း တိုးမြှင့်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်း တိုးတက်အောင် ဆောင်ရွက်ပေးဖို့လို**

❂ စာမျက်နှာ ၃ မှ
နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒစ်ဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်များရဲ့ အခွင့်အရေးကို ကာကွယ်ဖို့နဲ့ အွန်လိုင်းနဲ့ နည်းပညာဆိုင်ရာ ကျား၊ မ အခြေပြု အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့လည်း လိုအပ်ကြောင်းကို ဒီဆောင်ပုဒ်က မီးမောင်းထိုးပြထားတာကို သတိထားကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ လူဦးရေရဲ့ ထက်ဝက်ကျော်ကို ကိုယ်စားပြုတဲ့ အမျိုးသမီးများဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ အရေးပါတဲ့ အင်အားစုတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် အလွန်အဖိုးတန်တဲ့ လူသားအရင်းအမြစ်တွေ ဖြစ်ကြပါတယ်။ မြန်မာအမျိုးသမီးများဟာ လောကကို တစ်ဖက်တစ်လမ်းက တာဝန်ယူသူများ၊ လူငယ်လူရွယ်များရဲ့ အနာဂတ်ကို လုပအောင် ဖန်တီးသူဥယျာဉ်မှူးများ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်း ထုဆစ်ပေးကြတဲ့ ဗိသုကာပညာရှင်များ ဖြစ်ကြပါတယ်။

ဒါ့ကြောင့် မိသားစု၊ လူ့အဖွဲ့အစည်းများကတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်ရွယ်များအတွက် ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးရေးကို မြှင့်တင်လုပ်ဆောင်ကြဖို့ မှာကြားလိုပါတယ်။ အမျိုးသမီး၊ အမျိုးသားအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်တွေမှာ အမျိုးသမီးထုကြီးရဲ့ အင်အားနဲ့ အကောင်အထည်ဖော်ကြဖို့နဲ့ မြန်မာအမျိုးသမီးများရဲ့ အခွင့်အရေးများ အလေးထားဆောင်ရွက်ကာ စွမ်းဆောင်ရည်များ ဖော်ထုတ်ပေးနိုင်ဖို့ ဒီကနေ့ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့မှာ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

❒ ရှေ့ဖုံးမှ
မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကို စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေး မြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတုံ့ပြန်တားဆီး ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCEDAW)အပေါ် မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး အစီရင်ခံစာတင်သွင်းနိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိရာ 2nd Draft အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း ဆောင်ရွက်ချက်များ အဖြစ် ASEAN Ministerial Meeting on Women ကို ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး အာဆီယံ အမျိုးသမီးကော်မတီ၊ အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးကော်မရှင် အပါအဝင် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစီမံချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ဆောင်ရွက်ထားရှိမှုနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများကို တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကို ပြသရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက တပ်မတော်(ကြည်း) ထူးချွန်အမျိုးသမီးအရာရှိ ဒုတိယဗိုလ် သိမ့်နန္ဒာအောင်၊ တပ်မတော်(ရေ) ထူးချွန် အမျိုးသမီးအရာရှိ ဗိုလ် ခိုင်ခန့်ခန့်ကျော်၊ တပ်မတော်(လေ) ထူးချွန်အမျိုးသမီးအရာရှိ ဗိုလ် လဲ့ဝေအောင် တို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေ ရဲမှူး သူဇာလွင်နှင့် ထူးချွန် ကြက်ခြေနီအမျိုးသမီး ဒေါ်ခိုင်မာဦး တို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင် နာယက ဒေါ်သန်းသန်းနွယ်က မသန်စွမ်းထူးချွန်အမျိုးသမီး မချောစုလှိုင်နှင့် အားကစားထူးချွန် အမျိုးသမီး မစန္ဒီဦး တို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။


မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက တပ်မတော်(ကြည်း)ထူးချွန်အမျိုးသမီးအရာရှိ ဒုတိယဗိုလ် သိမ့်နန္ဒာအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါ်ဒွဲဘူက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိသည့် ကျောင်းသူ မနန္ဒာကြည်ဖြူလင်းကို ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးကြသည်။ **သတင်းစဉ်**


မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေ ရဲမှူး သူဇာလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။


မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က အားကစားထူးချွန် အမျိုးသမီး မစန္ဒီဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရှင်းလင်းတင်ပြစဉ်။

## မုန်တိုင်းဒဏ်သင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရေး အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃

မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများမှ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Ling Jiou Mountain (H.K) Buddhist Society Limited နှင့် White Jade Wang Interprise Co.,Ltd တို့က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖဲ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် White Jade Wang Interprise Co.,Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးတင်ဆန်းမြင့်က မြန်မာနိုင်ငံအတွင်း မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့်ဒေသများမှ သာသနိက အဆောက်အအုံများကိုပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လင်ဂျူးတောင် ဆရာတော်ကြီး၏ ဆန္ဒအရ အလှူငွေကျပ်သိန်း ၂၀၀ လာရောက်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လာရောက်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကာလဒါနဖြစ်၍ ကုသိုလ်အထူးရပါကြောင်းနှင့်အလှူငွေများကို လိုအပ်သောနေရာ၊ လှူဒါန်းလိုသောနေရာသို့အရောက် ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် Ling Jiou Mountain(H.K) Buddhist Society Limited က အလှူငွေကျပ်သိန်း ၁၀၀ နှင့် White Jade Wang Interprise Co.,Ltd က အလှူငွေကျပ်သိန်း ၁၀၀ စုစုပေါင်း အလှူငွေကျပ်သိန်း ၂၀၀ ကို White Jade Wang Interprise Co.,Ltd မှ မန်နေးဂျင်းဒါရိုက်တာက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိပ်ချိန်းတွင် Myanmar Agro Exchange Public Co., Ltd. အား စာရင်းဝင်ကုမ္ပဏီအဖြစ်လက်ခံခြင်း အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၃

မြန်မာအက်ဂရိုအိပ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(Myanmar Agro Exchange Public Co.,Ltd.)ကို ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီအဖြစ်လက်ခံသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ရန်ကုန်စတော့အိပ်ချိန်းခန်းမ၌ ကျင်းပသည်။



**စာရင်းဝင်ကုမ္ပဏီ ရှစ်ခုရှိ**

အခမ်းအနားသို့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်၍ မြန်မာနိုင်ငံ၌ အရင်းအနှီးဈေးကွက် စတင်တည်ထောင်ချိန်မှ ရှစ်နှစ်တာကာလအတွင်း ရန်ကုန်စတော့အိပ်ချိန်းတွင် ယနေ့စာရင်းဝင်သည့် မြန်မာအက်ဂရိုအိပ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX) အပါအဝင် စာရင်းဝင်ကုမ္ပဏီ ရှစ်ခု၏ ရှယ်ယာများကို ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှတစ်ဆင့် အရောင်းအဝယ်များ ပြုလုပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားလာစေရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းကြီးများက လုပ်ငန်းဆောင်ရွက်ကြရာတွင် ကာလရှည် ငွေကြေးအရင်းအနှီးသည် မရှိမဖြစ်လိုအပ်သဖြင့် လိုအပ်လျက်ရှိသည့် ကာလရှည် ငွေကြေးအရင်းအနှီးများကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်း၊ ငွေချေးစာချုပ်များ ထုတ်ဝေ ရောင်းချခြင်းတို့ဖြင့် ရရှိနိုင်မည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း အစုရှယ်ယာများ ဝယ်ယူရင်းနှီးမြှုပ်နှံကြသော အများပြည်သူများအနေဖြင့် ကုမ္ပဏီက ခွဲဝေပေးသည့် အမြတ်ဝေစုများ ရရှိနိုင်ခြင်း၊ ကုမ္ပဏီစီမံခန့်ခွဲမှု အဖွဲ့တွင် ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ အရင်းအနှီးဈေးကွက်တွင် ရောင်းဝယ်ခြင်းမှတစ်ဆင့် ငွေဖြစ်လွယ်မှု ဖြစ်ပေါ်စေခြင်းနှင့် ရှယ်ယာများ ပြန်လည်ရောင်းချခြင်းမှ အမြတ်အစွန်းများ ရရှိခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၂၇၀ ကျော်ရှိပြီး ရှယ်ယာရှင် ၁၀၀ နှင့် အထက်ရှိသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ၄၆ ခု ရှိကြောင်း သိရှိရပြီး ယင်းကုမ္ပဏီများအား ရန်ကုန်စတော့ အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ ဖြစ်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းခဲ့ရသော စီးပွားရေး အခြေအနေကို ပြန်လည်မြှင့်တင်ရန် သင့်လျော်သော ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုများကို အားပေးမြှင့်တင် လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်၍ အထူးကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ ထူထောင်၍ အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရန်ကုန်စတော့ အိပ်ချိန်း မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းနိုင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာအက်ဂရိုအိပ်ချိန်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က ကုမ္ပဏီ၏ လုပ်ငန်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်စတော့ အိပ်ချိန်းက မြန်မာအက်ဂရိုအိပ်ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ စာရင်းဝင် အသိအမှတ်ပြုလက်မှတ်ကို ပေးအပ်သည်။

ဆက်လက်၍ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး၊ ရန်ကုန်စတော့ အိပ်ချိန်း အုပ်ချုပ်မှုဒါရိုက်တာနှင့် မြန်မာအက်ဂရိုအိပ်ချိန်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌတို့သည် ရန်ကုန်စတော့ အိပ်ချိန်းတွင် စာရင်းဝင်ခြင်း အထိမ်းအမှတ် အောင်ဇေယျတုခေါင်းလောင်းကိုတီးခတ်ကြသည်။

ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ ရှယ်ယာများကို နေ့စဉ်ရောင်းဝယ်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ရင်းနှီးမြှုပ်နှံသူဦးရေ ၄၅၃၀၃ ဦး ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း စာရင်းဝင်ကုမ္ပဏီ ခုနစ်ခု၏ ရှယ်ယာစုစုပေါင်း ၁ ဒသမ ၇၇ သန်း(တန်ဖိုးငွေကျပ် ၇ ဒသမ ၅ ဘီလီယံ)အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဈေးကွက်ရင်းနှီးမြှုပ်နှံမှု တန်ဖိုးငွေကျပ် ၆၄၃ ဒသမ ၄၇ ဘီလီယံ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျုံပျော်မြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မြေမြှုပ်ထည့်သွင်းခြင်း အခမ်းအနား ကျင်းပ

ကျုံပျော် ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် မိုးစပါးရာသီ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စံကွက် ရိတ်သိမ်းခြင်းနှင့် မြေမြှုပ်ထည့်သွင်းခြင်း အခမ်းအနားကို မြေရဲတောင် အုပ်စုရှိ တောင်သူ ဦးတင်ရှိန်၏လယ်မြေ၌ ယမန်နေ့နံနက် ၈ နာရီက ပြုလုပ်သည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်၊ စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးမှူးက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ပြုလုပ်သုံးစွဲနည်းနှင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ပိုက်ဆံလျှော်ပင်များကို လယ်ထွန်စက်အသုံးပြု၍ ရိတ်သိမ်းခြင်းနှင့် မြေမြှုပ်ထည့်သွင်းခြင်းကို လက်တွေ့ပြသခဲ့သည်။

ကျုံပျော်မြို့နယ်၌ ပိုက်ဆံလျှော်ကို ကျေးရွာအုပ်စု ၈၉ အုပ်စုရှိ တောင်သူပေါင်း ၁၀၆၈ ဦး၏ လယ်ဧက ၄၆၀၀ တွင် စိုက်ပျိုးခဲ့ပြီး ဇူလိုင် ၂ ရက်တွင် စိုက်ဧကအားလုံး မြေမြှုပ်ထည့်သွင်း ဆောင်ရွက်ပြီးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လှည်းကူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်း

လှည်းကူး ဇူလိုင် ၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိခဲ့သည့် ကြို့ကုန်းရော်ဘာခြံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းကို ဇူလိုင် ၁ ရက်က ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရရှိသော ကြို့ကုန်းရော်ဘာခြံကျေးရွာနေ ပြည်သူများအား စီမံကိန်းမိတ်ဆက်ရှင်းလင်းခဲ့ကာ ကျေးရွာကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်း ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# MSMEs ပြန်လည်မြှင့်တင်ရေးစိတ်ကူးများမှသည် . . .

မိုးကေနိုင်

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့်ကမ္ဘာကြီးတွင် လူသားများ၏ လိုအပ်ချက်ကလည်း ကြီးမားလာနေသည်။ ကိုဗစ်ကပ်နှင့် ကမ္ဘာ့ပဋိပက္ခဂယက်များက နိုင်ငံတိုင်းတွင် စီးပွားရေးပိုမိုခိုင်မာအားကောင်းရန် လိုအပ်ချက်များစွာရှိလာနေကြောင်းကို အချက်အလက်များက ပြသနေသည်။

နိုင်ငံအချို့တွင် စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုနှင့်အတူ စီးပွားရေးမူဝါဒအပြောင်းအလဲများ မဖြစ်မနေပြုလုပ်လာကြရသည်။ ကုန်ပစ္စည်းအမျိုးအမည်အပေါ် မူတည်၍ ထုတ်လုပ်နိုင်စွမ်း၊ ဝယ်လိုစွမ်းအားများ ပြောင်းလဲလာနေသည်။ ပြိုင်ဆိုင်မှုများ ပြင်းထန်နေချိန်၊ အကျပ်အတည်းကာလ ရောက်လာချိန်တွင် သမားရိုးကျစဉ်းစား၍မရ၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်ရမြဲဖြစ်သည်။ သို့မှသာ နိုင်ငံတကာစီးပွားရေးလောကထဲ ဝင်ဆံ့နိုင်မည်ဖြစ်သည်။ သို့မှသာ မိမိပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များစွာကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ငြိမ်းချမ်းသာယာမှုအတွက်လည်း အာမခံနိုင်မည်ဖြစ်သည်။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုပပျောက်ရေး ဦးတည်ချက်များအောက်က MSMEs

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေသည် ပြည်ပတင်ပို့မှု၊ တင်သွင်းမှု မျှတမှုအပေါ်များစွာတည်မှီသည်။ တင်ပို့မှု၊ တင်သွင်းမှု ကွာဟချက် တစ်နည်း သွင်းကုန်က ပို့ကုန်ထက် များပြားလွန်းလျှင် တိုင်းပြည်စီးပွားရေးတွင် Trade deficit အနုတ်လက္ခဏာကိုသာ မြင်ရမည်။ ကျေးလက်ဒေသနေ တိုင်းပြည်၏ ထုတ်လုပ်မှုအင်အားစုက ၇၀ ရာခိုင်နှုန်းခန့်ရှိနေပြီး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သစ်တောသယံဇာတပေါ်များကြွယ်ဝသော မိမိတို့မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြည်ပပို့ကုန်ထက် ပြည်ပတင်သွင်းမှုပမာဏ များပြားနေခြင်းသည် လက်ခံနိုင်စရာတစ်ခုမဟုတ်တော့ပါ။ သို့သော် အရေးကြီးကိစ္စရပ်များစွာနှင့်အတူ ပြုပြင်ပြောင်းလဲမှုများဖြင့် ယခုလိုအခြေအနေများတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ စီးပွားရေးဦးတည်ချက်များ၊ ဆက်စပ်စီးပွားရေးမူဝါဒများ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သည့် လက္ခဏာများစွာကို တွေ့မြင်လာရသည်မှာ အားတက်ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မေ ၂၃ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

**MSMEs ဖွံ့ဖြိုးရေးရန်ပုံငွေကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးသော ကျပ်ဘီလီယံ ၁၇၀ ဖြင့် ထူထောင်ပြီးဖြစ်သည်။ ယင်းရန်ပုံငွေမှာ လုပ်ငန်းရှင်များအား ချေးငွေချေးပေးရုံသက်သက်မဟုတ်ဘဲ နည်းပညာကဏ္ဍဆိုင်ရာအခြေပြု သက်မွေးပညာကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ MSMEs စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း၊ ထုတ်ကုန်ပြပွဲပြိုင်ပွဲများနှင့် အသိပညာပေးစကားဝိုင်းများကျင်းပရာတွင် သင့်လျော်သလို ထုတ်ယူသုံးစွဲသွားရန်ဖြစ်သည်။ ထို့ပြင် တက္ကသိုလ်များတွင် MSMEs ဘာသာရပ်များ ထည့်သွင်းသင်ကြားရန် စီစဉ်နေပြီဟုလည်းသိရ**

မြန်မာ့လူ့အဖွဲ့အစည်း၏ လူမှုဘဝအများစုသည် ၉၉ ရာခိုင်နှုန်းခန့်သော အသေးစား၊ အလတ်စားနှင့် အငယ်စားစီးပွားရေးလုပ်ငန်း အများစုအပေါ်တွင် ရပ်တည်နေရပြီး ၎င်းသည် နိုင်ငံ့စီးပွားရေးယန္တရားတွင် အဓိကမောင်းနှင်အားတစ်ခုလည်းဖြစ်နေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များတွင် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် စားရေရိက္ခာဖူလုံရန်နှင့် တိုင်းပြည် သာယာဝပြောရေးကို အားသွန်ကြိုးပမ်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို သတိထားမိသည်။

ထိုအချက်သည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များတွင်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုဦးတည်ချက်အောင်မြင်ရန် သွင်းကုန်အစားထိုးပြီး ပို့ကုန်ကဏ္ဍကို မြှင့်တင်သွားမည့် သန္နိဋ္ဌာန်တစ်ခု ချမှတ်ထားသည့်အပြင် ကိုယ့်ဒေသ၊ ကိုယ့်ထွက်ကုန် ကုန်ကြမ်းများကို ပို့ကုန်အခြေပြုကုန်ထုတ်လုပ်မှုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSME) များအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်သွားမည့် ဦးတည်ချက်များဖြစ်နေသည်ကိုလည်း တွေ့ရသည်။

MSMEs ဖွံ့ဖြိုးရေးရည်ရွယ်ချက်များကို ရေရှည်အာမခံချက်ရှိရန်နှင့် ကျွဲကူးရေပါဆိုသလို အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးနိုင်မည့် ဦးတည်ချက်များဖြစ်သည်။ ထို့အတွက် တိုင်းရင်းသားများပိုင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်အမြောက်အမြားကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ရန် ဦးတည်ချက်ကို တွေ့ရသည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လေ့လာပါက ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြကျေးလက်ကွာဟမှု လျော့ပါးကာ ဆင်းရဲမှုပပျောက်ရေးအတွက် MSME လုပ်ငန်းများအပေါ် များစွာအခြေပြုထားသည်ကို တွက်ဆနိုင်သည်။

## ကျစ်လျစ်ဖွဲ့စည်း၊ တိုးချဲ့စုစည်းမှုများဖြင့် လက်တွေ့ကျကျ လုပ်ငန်းသစ်များ

လုပ်ငန်း အမျိုးအစားအလိုက်၊ အသေး၊ အငယ်၊ အလတ် အရွယ်အစားပမာဏအလိုက် ဝန်ထမ်းအင်အားအနည်းဆုံး ၃၀ အောက် တစ်ပိုင်တစ်နိုင်မှ အများဆုံးအင်အား ၆၀၀ အထိ ပါဝင်လုပ်ကိုင်ကြသော MSMEs လုပ်ငန်းတွင် အမျိုးအစားခြောက်မျိုး၊ ကဏ္ဍအားဖြင့် လေးခုအထိ ခွဲခြားထားသည်။ ကုန်ထုတ်လုပ်မှု၊ လုပ်အားအခြေပြု ထုတ်လုပ်မှု၊ လက်ကားရောင်းဝယ်ရေး၊ လက်လီရောင်းဝယ်ရေး၊ ဝန်ဆောင်မှုနှင့် အခြားလုပ်ငန်းများဟူ၍ အမျိုးအစားကွဲပြားသလို ကဏ္ဍအားဖြင့်လည်း ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် တခြားလုပ်ငန်းကဏ္ဍများအနက် နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိကအခြေပြုသည့်ပုံစံကို လေ့လာမိသည်။

နိုင်ငံတော်အစိုးရသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးမှုမြန်ဆန်သွက်လက်စေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမူဘောင်အောက်တွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်း၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါကော်မတီနှစ်ခုက ဦးဆောင်ပြီး မြန်မာနိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် MSME ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့များကို လိုအပ်ချက်အရ ထပ်မံဖွဲ့စည်းပြီး လက်တွေ့ကျကျအကောင်အထည်ဖော်လျက်ရှိသည်။ ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနအများစုပါဝင်သည်။ ညီနောင်အသင်းများဖြစ်သည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကွန်ပျူတာအသင်းချုပ်၊ ဘဏ်များအသင်း၊ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းများမှ တာဝန်ရှိသူများကိုပါ ဖွဲ့စည်းပါဝင်နိုင်အောင် စီမံဆောင်ရွက်ထားသည်။ MSMEs development agency အနေဖြင့်မူ ဈေးရောင်းပွဲတော်နှင့် ကုန်စည်ပြပွဲများကျင်းပပေးပြီး နိုင်ငံတော်အဆင့်ဆုများချီးမြှင့်ခြင်း၊ Business matching များကျင်းပခြင်း၊ MSMEs ဝန်ထမ်းများ အရည်အသွေးမြှင့်တင်မှု သင်တန်းများကျင်းပခြင်း၊ ငွေကြေးနှင့်သက်ဆိုင်သော အထောက်အကူများပေးခြင်း၊ MSMEs မှတ်ပုံတင်များ ပြုလုပ်ပေးခြင်း၊ အတိုင်ပင်ခံဝန်ဆောင်မှုများပေးခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ပေးရန် တာဝန်ယူရသည်။ ယင်းလုပ်ငန်းများအားလုံးသည် ယခုကာလတွင် ပီပီပြင်ပြင်ဆောင်ရွက်မည့် Agency ၏ အဓိကအထောက်အကူပြုလုပ်ငန်းများပင်ဖြစ်သည်။

## လိုအပ်ချက်များ၊ အားနည်းချက်များ

MSME အခြေခံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဟူသည် နိုင်ငံ၏စက်မှုကဏ္ဍနှင့်လည်း ဘက်ညီရသည်။ စက်မှုလယ်ယာအဖြစ် ပီပီပြင်ပြင် အသွင်ပြောင်းနိုင်ခြင်းသည်ပင် MSME လုပ်ငန်းများကို တွန်းအားပေးရာရောက်သည်။ စက်မှုအခြေခံသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကသာ မိမိတို့၏လယ်ယာထုတ်ကုန်များကို တန်ဖိုးမြှင့်ရာရောက်မည်ဖြစ်ပြီး တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် စားရေရိက္ခာဘေးကင်းလုံခြုံရေးနှင့် ပြည်တွင်းဈေးကွက်ချဲ့ထွင်ရန် လိုအပ်ချက်များ၊ သွင်းကုန်အစားထိုးပြည်ပပို့ကုန်အမည်စုံ တိုးမြှင့်တင်ပို့ရန် လိုအပ်ချက်များစွာကို ဖြည့်ဆည်းရာရောက်မည်ဖြစ်သည်။ ထို့ပြင် မိမိဒေသထွက်ကုန်များ အရည်အသွေးပြည့်မီရန်နှင့် ဈေးကွက်လိုအပ်ချက်များကိုက်ညီရန်အတွက် ထုတ်ကုန်ဒီဇိုင်းနှင့် ထုတ်လုပ်မှုအဆင့်ဆင့်တွင် Research and development သုတေသနပြုချက်များစွာ ပြုလုပ်ရန်လိုအပ်သည်။

အစဉ်ပြောင်းလဲနေသည့် Marketing analysis ဈေးကွက်ကိုလည်း သုတေသနပြုနေရမည် ဖြစ်သည်။ သုတေသန ရလဒ်များနှင့်အညီ ထုတ်ကုန်အမည်သစ်များကို ဆန်းသစ်တီထွင်ထုတ်လုပ်နေရမည်။ ဆန်းသစ်သော အရောင်းမြှင့်တင်ရေးအစီအစဉ်များကို စဉ်းစားထားရန် လိုအပ်မည်။ နည်းပညာသစ်များကို အစဉ်လေ့လာပြီး ထပ်မံတိုးချဲ့နေရန်လိုအပ်မည်ဟု ယူဆသည်။

ဈေးကွက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးဟူသည် မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆို ရေရှည်အောင်မြင်မှု၏ မဏ္ဍိုင်သုံးရပ်အဖြစ် တင်စားကြသည်။ လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းအမျိုးအစားအလိုက် လူသားစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် ပို၍အခရာကျလှသည်။

စာမျက်နှာ ၇ သို့ ✤

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြစ်ကြီးနားမြို့နယ်အတွင်း e-ID စနစ်လုပ်ငန်းအတွက် ဝန်ထမ်းများနှင့် မိသားစုများ၏ ကိုယ်ရေးအချက်အလက်များကောက်ယူနေမှု လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇူလိုင် ၃

e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများအား ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝအချက်အလက် (Biometric) ကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကချင်ပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး e-ID ဝန်ထမ်းများက မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် အိမ်ထောင်စုစာရင်းများနှင့် ရုံးလက်ခံ အိမ်ထောင်စုစာရင်းပါ အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ တိုက်ဆိုင်စိစစ်ပြီးဖြစ်သော အချက်အလက်များကို နေပြည်တော်(ရုံးချုပ်)ရှိ e-ID Sever မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်၊ ပြင်ဆင်အတည်ပြု ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကာ အချက်အလက်များ မှန်ကန်စေရေးနှင့် မိမိတို့ဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ သုံးပွင့်ဆိုင် အတည်ပြုနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဦးစီးမှူးရုံး ပန်းခင်းခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဦးစီးမှူးက ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် ဆောင်ရွက်ပြီးစီးမှုနှင့် မြေပြင် ကွင်းဆင်းစာရင်းကောက်ယူခဲ့မှု၊ မြို့နယ်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းဆိုင်ရာအချက်အလက်များကို e-ID Server ဖြင့် တိုက်ဆိုင်စိစစ်ပြင်ဆင်အတည်ပြု ဆောင်ရွက်နေမှုနှင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ရပ်ကွက်/ ကျေးရွာ တည်နေရာ Point များ ကောက်ယူပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းများသည် နိုင်ငံနှင့်ပြည်သူအတွက် အရေးပါသည့်လုပ်ငန်းများဖြစ်ပြီး ပြည်သူကိုဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အသီးသီး၌ GIS နည်းပညာအသုံးပြုရန် မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ရပ်ကွက်/ ကျေးရွာ တည်နေရာ Point များ ကောက်ယူခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ သန်းခေါင်စာရင်းယူနစ်များ (Census Units) ရေးဆွဲခြင်းကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံချက်ရေးဆွဲကာ ၂၀၂၃ ခုနှစ် မေလမှ အောက်တိုဘာလအထိ ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းအားလုံးသည် နိုင်ငံတော်အတွက်အရေးကြီးပြီး မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အပြင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန် လိုအပ်ကြောင်း၊ ယင်းကဲ့သို့ ကန့်သတ်ချက်အခက်အခဲအမျိုးမျိုးကြားမှ လုပ်ငန်းများအောင်မြင်အောင် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ လုပ်ငန်းလိုအပ်ချက်များကိုလည်း အချိန်မီ အဆင့်ဆင့်တင်ပြကြရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်၌ ဝန်ထမ်းများက GIS နည်းပညာအသုံးပြု၍ မြေပုံရေးဆွဲနိုင်ရန် လိုအပ်သော ရပ်ကွက်၊ ကျေးရွာ Point များ ကောက်ယူနေမှုကို ကြည့်ရှုအားပေးပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့်အတူ တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ မြို့နယ်ရုံး ဝန်ထမ်းများက တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝအချက်အလက် (Biometric)ကောက်ယူ၍ Unique ID ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ စာမျက်နှာ ၆ မှ

အမှန်တကယ်တတ်မြောက်သည့်အရည်အချင်းရှိ လုပ်သားဝန်ထမ်းများဖြစ်လာရန်နှင့် စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးရန်အတွက် လက်တွေ့လုပ်ငန်းခွင်နှင့် ကိုက်ညီမည့် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကိုပါ လိုက်ပါဆောင်ရွက်ပေးနေရမည်။ သို့မှသာ လုပ်သားများ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းများ တိုးတက်လာမည်ဖြစ်သည်။

ထို့ပြင် MSME ကဏ္ဍ အောင်မြင်မှုတွင် အရေးကြီးဆုံးအခြေခံအဆောက်အအုံဖြစ်သည့် လောင်စာစွမ်းအင်ကဏ္ဍနှင့်အတူ ကြီးမြင့်လာသည့် သယ်ယူပို့ဆောင်မှုစရိတ်ကလည်း လွှမ်းမိုးသော အရာတစ်ခုဖြစ်နေသည်။ ရလဒ်အနေဖြင့် ထုတ်လုပ်မှုစရိတ် ကြီးမြင့်ခြင်းနှင့် ဈေးကွက်ဝေစုလျော့နည်းခြင်းက ခေတ်အဆက်ဆက် စိန်ခေါ်မှုကြီးတစ်ခုအဖြစ် ရပ်တည်မြဲဖြစ်သည်။

## ယခုကာလ ပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်လာမည့်အခြေအနေများ

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူရသည့်ကာလတွင်မူ အထက်ပါလိုအပ်ချက်၊ အားနည်းချက်များကို ဆန်းစစ်လေ့လာ၍ MSMEs များ၏ တိုးတက်မှုဆီ ရှေးရှုသည့် ပြုပြင်ပြောင်းလဲမှု အတော်များများရှိလာနေပြီဟု ယူဆမိသည်။ လုပ်ငန်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်စွမ်းမည့် အဖွဲ့သုံးခု ထပ်မံဖွဲ့စည်းထားရှိခြင်းဖြင့် လုပ်ငန်းများ ပို၍ထိရောက်အောင်မြင်လာမည်ဟု သုံးသပ်သည်။ အေဂျင်စီက တာဝန်ယူမည့်လုပ်ငန်းများအနက် Business matching ကြောင့် နှစ်ဦးနှစ်ဖက်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ လက်လီလက်ကားရောင်းချသူများ အနေဖြင့် ထူထောင်ထားရှိသော ဆက်သွယ်ရေး လမ်းကြောင်းများမှ တစ်ဆင့် အကျိုးရှိစေမည့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သတင်းအချက်အလက် ကွန်ရက်များရှိလာခြင်း၊ လွတ်လပ်စွာမေးမြန်းဖြေကြားခြင်းများကို အလွယ်တကူပြုလုပ်လာနိုင်တော့မည်ဖြစ်သည်။

ကိုဗစ်ကပ်ဘေးကြောင့် ကျဆင်းနေသည့်စီးပွားရေး ပြန်လည်နာလန်ထူမြင့်တင်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေက နိုင်ငံစီးပွားမြင့်တင်ရေးသီးသန့်ရန်ပုံငွေ ကျပ်ဘီလီယံ ၄၀၀ ကို ထူထောင်ပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြစိမ်းရောင် စီမံကိန်းဆောင်ရွက်သည့် တိုင်းဒေသကြီး/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများထံ လိုအပ်ချက်အလိုက် ပြန်လည်ခွဲဝေလွှဲအပ်ပေးနိုင်ခဲ့သည်။

MSMEs ဖွံ့ဖြိုးရေးရန်ပုံငွေကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးသော ကျပ် ဘီလီယံ ၁၇၀ ဖြင့် ထူထောင်ပြီးဖြစ်သည်။ ယင်းရန်ပုံငွေမှာ လုပ်ငန်းရှင်များအား ချေးငွေချေးပေးရုံသက်သက်မဟုတ်ဘဲ နည်းပညာကဏ္ဍဆိုင်ရာ အခြေပြု သက်မွေးပညာကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ MSMEs စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း၊ ထုတ်ကုန်ပြပွဲပြိုင်ပွဲများနှင့် အသိပညာပေးစကားဝိုင်းများ ကျင်းပရာတွင် သင့်လျော်သလို ထုတ်ယူသုံးစွဲသွားရန်ဖြစ်သည်။ ထို့ပြင် တက္ကသိုလ်များတွင် MSMEs ဘာသာရပ်များ ထည့်သွင်းသင်ကြားရန်စီစဉ်နေပြီဟုလည်း သိရသည်။

## တွေ့ဆုံဖြေလျှော့မှုများမှသည်

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစ၍တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ MSMEs လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်များ ရှိခဲ့သည်။ တွေ့ဆုံမှုတိုင်းတွင် လုပ်ငန်းရှင်များ စိတ်ဝင်စားသည်က တိုင်းပြည်စီးပွားရေးကို မည်ကဲ့သို့ မြှင့်တင်ကြမလဲ၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များများ တင်ပို့နိုင်ရန်အတွက် လိုအပ်သည့်ချေးငွေကဏ္ဍ ထိရောက်ရန်အရေးများက အဓိကဖြစ်ခဲ့ပြီး လုပ်ငန်းရှင်များ တင်ပြသောအချက်များကိုလည်း တစ်ဆင့်ချင်းအကောင်အထည်ဖော်ရန် အပြန်အလှန်ဖြေလျှော့မှုများ ရှိခဲ့ကြသည်။

ကိုဗစ်ကာလကတည်းက ချေးထားသည့်ချေးငွေများ ပြန်ဆပ်ကာလသက်တမ်းတိုးပေးရန်၊ အတိုးနှုန်းလျှော့ချပေးရန်၊ လမ်းခရီးတွင် တရားမဝင်ပေးဆောင်ရသော ငွေကြေးကောက်ခံမှုများအပါအဝင် အခွန်လျှော့ချပေးရန်တောင်းဆိုမှုများအပေါ် လိုက်လျောကတိပေးမှုများ ရှိခဲ့ကြောင်းလည်း ကြားသိရသည်။ သတ်မှတ်ကာလအတွင်း ချေးငွေများပြန်ဆပ်ရန်အရေးမှာ လုပ်ငန်းရှင်များဘက်က တာဝန်ယူမှုများအပေါ် လိုအပ်ချက်များကိုလည်း ထောက်ပြခဲ့ကြသည်။ အရေးကြီးဆုံးလိုအပ်ချက်များတွင် လျှပ်စစ်ကဏ္ဍလိုအပ်ချက်က အဓိကဖြစ်ပြီး ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းမှ ဖြည့်ဆည်းရန် ကြိုးပမ်းဆောင်ရွက်နေကြောင်းလည်း သိရသည်။

MSME တွင် နည်းပညာပိုင်း ပံ့ပိုးပေးရန်နှင့်ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် e- ID မှ e- government စနစ်ဆီကြိုးစားလျှောက်လှမ်းနေသည်မှာ လက်တွေ့ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်ရသည့် အပိုင်းများတွင် ဈေးကွက်သုတေသန၊ ထုတ်လုပ်မှု၊ ဒေသအလိုက် စံချိန်စံညွှန်းသတ်မှတ်နိုင်မှု၊ ဆွဲဆောင်မှုအားကောင်းကောင်းဖြင့် ဈေးကွက်ကိုမြှင့်တင်ပြီး ကျယ်ပြန့်သော ဒေသများအထိ ဈေးကွက်ရှာဖွေမှု၊ ကုန်သွယ်ငွေလွှဲအပိုင်းများတွင် e- government စနစ်ထဲ အလိုအလျောက်ပါဝင်သွားမည်ဆိုသော သတင်းစကားများလည်း ကြားသိနေရသည်။ အွန်လိုင်းမှတ်ပုံတင်စနစ်ပီပြင်လာလျှင် ငွေကြေးအရင်းအနှီးထောက်ပံ့ခြင်း၊ အခွန်သက်သာခွင့်များ ဆောင်ရွက်ခြင်းများတွင် ထိရောက်သောရယူခံစားခွင့် အခွင့်အလမ်းများ အလွယ်တကူရရှိလာတော့မည်ဟု ယူဆရသည်။ ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းစေမည့် ဆက်သွယ်ရေးစနစ်များ၊ သယ်ယူပို့ဆောင်ရေး နည်းလမ်းများကိုလည်း စဉ်းစားဆောင်ရွက်နေကြောင်း သိရပြန်သည်။

မည်သို့ပင်ဆိုစေ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ချက်ဟူသမျှ အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်သည်ကို သိရှိနားလည်ကြသည်။ အနည်းဆုံးသော သွင်းအားစုနှင့်အတူ အကောင်းဆုံးဖြစ်ရမည်ဟူသော efficiency သဘောတရားအပေါ်အခြေခံသည့် ထိုက်သင့်သောတိုးတက်မှုများ ရရှိလာနေကြောင်းလည်း သုံးသပ်မှုများရရှိနေသည်။ ခိုင်မာသောမူဝါဒများနှင့်အတူ အမှန်တကယ်အရည်အသွေးမီ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပါက ပြည်ပသွင်းကုန်များ လျှော့ချအစားထိုးနိုင်မည်မှာ သေချာသည့်အပြင် ပြည်ပသို့လည်း ယခုထက် ပိုမိုတင်ပို့လာနိုင်တော့မည်ဖြစ်သည်။

ဖွံ့ဖြိုးမှု စိတ်ကူးစိတ်သန်းဟူသည် အမှန်တကယ်လက်တွေ့ဘဝများတွင် လက်တွေ့ကျကျ အသုံးချနိုင်မှသာ စဉ်ဆက်မပြတ်တိုးတက်မှုကို ရရှိမည်ဖြစ်သည်။ အရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးမွေးမြူရေးအခြေခံကုန်များကို စွမ်းဆောင်မြင့်မားယှဉ်ပြိုင်အားဖြင့် တိုးတက်ထုတ်လုပ်နိုင်ရန်က ပို၍ အဓိကကျသည်။ ယခုအခြေအနေကို လေ့လာပါက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးကို အဓိကအားပေးအားမြှောက်ပြုနေသည်မှာ ထင်ရှားသည်။ ဤသည်ကိုပင် အခွင့်အလမ်းအဖြစ်မှတ်ယူ၍ ပြည်ပအကူအညီအထောက်အပံ့အပေါ် အလွန်အမင်းမှီခိုခဲ့မှုများကို ပြန်လည်လျှော့ချရပေမည်။ ရရှိပြီး၊ ရရှိဆဲသင်ခန်းစာနှင့် အတွေ့အကြုံကောင်းများကိုရယူကာ ပြည်တွင်းအားဖြင့် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်




**စစ်တွေ ဇူလိုင် ၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေကန်တော်ကြီးရေလှောင်ကန်၌ကျင်းပသည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်ပင်စိုက်ပျိုးခြင်းသည် အရေးကြီးသည့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည့်သစ်တောသစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုး ပြုစုထိန်းသိမ်းနိုင်စေရန်၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် သစ်ပင်စိုက်ပျိုးပွဲများတွင် ပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးပင် ၄၂၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

**၂၀ ဒသမ ၅၂ သန်းကျော် စိုက်ပျိုးပြီး**

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် သစ်ပင်ပေါင်း ၂၄ ဒသမ ၆၁၉ သန်း စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ သစ်ပင်ပေါင်း ၂၀ ဒသမ ၅၂ သန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်နေပြည်သူများ၏ လောင်စာလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက် ယခုနှစ်မိုးရာသီတွင် ကျေးရွာထင်းစိုက်ခင်းတစ်ရွာ နှစ်ဧကအပါအဝင် ၄၂၈၇ ဧက တည်ထောင်ရန် လျာထားပြီး စိုက်ပျိုးဆောင်ရွက်လျက်ရှိနေကြောင်း။ ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြေရှင်းရန် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ သဘာဝနှင့် လိုက်လျောညီထွေအဖြစ်ဆုံးဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ချင်းမှစ၍ ရပ်ကွက်နှင့်ကျေးရွာ၊ မြို့နယ် အဖွဲ့အစည်းများအလိုက် တစ်ပင်စိုက်တစ်ပင်ရှင်သန် အောင်မြင်အောင် စိုက်ပျိုးပြုစုသွားကြစေလိုကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်ဆားလုပ်ငန်းဌာနခွဲ ဆားလုပ်ငန်းဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဆားလုပ်ငန်းရုံး၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာနမှူးက ပုဂ္ဂလိကကဏ္ဍများမှ ဆားကြမ်းထုတ်လုပ်နေမှုနှင့် အိုင်အိုဒင်းဆားချောထုတ်လုပ်နေမှုများ၊ ရုံးအဆောက်အအုံများ ပြန်လည်ထူထောင်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးထွန်းအုံက ဖြည့်စွက်ရှင်းလင်းသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆားထုတ်လုပ်ငန်း နည်းပညာမြှင့်တင်၍ ဆားအထွက်တိုးလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်၊ ဆားအရည်အသွေးမြှင့်တင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်၊ အရည်အသွေးမြင့်ဆားများ ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံအောင် ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လောကာနန္ဒာဘုရားဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးမည့်မြေနေရာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲဝင်းအတွင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အားကြိုးမာန်တက်ပါဝင်ကူညီဆောင်ရွက်ကြသည့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး ဖော်ကျွန်းသင်္ဘောပေါ်မှ သစ်မျိုးစုံပျိုးပင်များနှင့် သစ်ခွဲသားများအား မော်တော်ယာဉ်များပေါ်သို့ ရွှေ့ပြောင်းသယ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ စစ်တွေမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေကြသည့် သစ်တောဦးစီးဌာန အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ရှုခင်းသာကမ်းခြေ၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် ဒီရေတောပင်များစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ဒီရေတောပင်ဖြစ်သည့် ဗျူးခြေထောက်ပင်နှင့် သမဲ့ပင်ကို စိုက်ပျိုးပေးကာ ဒီရေတောပင် ၁၅၀၀ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

သစ်တောဦးစီးဌာနအနေဖြင့် ရှုခင်းသာကမ်းခြေလမ်းတစ်လျှောက် ဒီရေတောပင် ၃၅၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန်စီစဉ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





**စစ်တွေ ဇူလိုင် ၃**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိပြီး MV- FORTUNE သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန်စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ပဲနို့အာဟာရတိုက်ကျွေးရေးစီမံချက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ အခြေခံပညာကျောင်းများရှိ ကလေးငယ်များအတွက် ပဲနို့အာဟာရတိုက်ကျွေးရေးစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံချက်အောင်မြင်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးငယ်များအား ပဲနို့တိုက်ကျွေးခြင်းအားဖြင့် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ အရိုးများနှင့်သွားများ ခိုင်ခံ့စေခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်စေခြင်း၊ ကိုယ်ခံအားကောင်းမွန်ပြီး အစာအိမ်နှင့် အူလမ်းကြောင်းအတွက် အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် မိမိတို့၏ကလေးငယ်များ ကျန်းမာကြံ့ခိုင်စွာဖြင့် ပညာသင်ကြားခွင့်ရရှိပြီး နိုင်ငံအတွက် တန်ဖိုးကြီးသောအရင်းအမြစ်များ ပေါ်ထွက်စေရေး ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းအနေဖြင့် စစ်တွေမြို့၌ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် လူငယ်သင်တန်းကျောင်းနှင့် မြို့ပေါ်ရှိ အခြေခံပညာကျောင်းအချို့တွင် ပဲနို့တိုက်ကျွေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးသည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပဲနို့အာဟာရ တိုက်ကျွေးရေးစီမံချက်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ရှင်းလင်းတင်ပြပြီး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း (မင်းဂံ)နှင့် အခြေခံပညာမူလတန်းကျောင်း(ဘောက်သီးစု)တို့သို့ ပဲနို့ကြိတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲနို့ထုတ်လုပ်မှု သရုပ်ပြသခြင်းကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူလေးများအား ပဲနို့နှင့်အာဟာရ ဖြည့်စွက်စာများ တိုက်ကျွေးပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# တရုတ်နိုင်ငံ၌ ရောက်ရှိနေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မော်တော်ယာဉ်များထုတ်လုပ်သည့် စက်ရုံနှင့် နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများထုတ်လုပ်သည့်စက်ရုံတို့ကို သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၃

China-ASEAN Forum on Emerging Industry သို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့တွင် ရောက်ရှိနေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် BYD အမျိုးအစား လျှပ်စစ်အသုံးပြု မော်တော်ယာဉ်များ (EV) ထုတ်လုပ် လျက်ရှိသည့် စက်ရုံသို့ သွားရောက်လေ့လာကြ သည်။

## ရှင်းလင်းတင်ပြ

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အာရှပစိဖိတ် အရောင်းဌာန မန်နေဂျာ Ms. Gillian Li BIN မှ BYD မော်တော်ယာဉ်များ စတင်ထုတ်လုပ်ခဲ့သည့် အခြေ အနေ၊ လက်ရှိလုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု၊ ဈေးကွက်ရရှိမှုနှင့် လျှပ်စစ်အသုံးပြု မော်တော်ယာဉ် (EV)များ ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သိရှိလို သည်များကို မေးမြန်းဆွေးနွေးပြီး BYD အမျိုးအစား မော်တော်ယာဉ်များ ထုတ်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှု လေ့လာသည်။

## K Star စက်ရုံသို့ရောက်ရှိ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်အတူ နေရောင်ခြည်စွမ်းအင် သုံးပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် K Star စက်ရုံ သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက စက်ရုံဆိုင်ရာ အချက်အလက်များ၊ နေရောင်ခြည်စွမ်းအင်သုံး ပစ္စည်းများထုတ်လုပ်နေမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်း တင်ပြမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များကို



မေးမြန်းဆွေးနွေးပြီး နေရောင်ခြည်စွမ်းအင်သုံး ပစ္စည်းများ ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသ၏အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များပါဝင်သော အာဆီယံ - ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှု ဒေသ၏ အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံ စည်းမျဉ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

## ဆွေးနွေးပြောကြား

အလုပ်ရုံ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တက်ရောက်၍ ဆွေးနွေးပြောကြားရာတွင် အာဆီယံ- ဟောင်ကောင်(တရုတ်) လွတ်လပ်သော ကုန်သွယ်မှု ဒေသ၏ ပင်ရင်းထုတ်ကုန်များအတွက် အကောက်ခွန် သက်သာခွင့်ကို ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာ နိုင်ငံတို့မှ အရာထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် များ အကျိုးရှိစွာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ကျင်းပ ခြင်းဖြစ်ကြောင်း၊ အာဆီယံ- ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုဒေသသည်




စာချုပ်ဝင်နိုင်ငံများအတွက် အဓိကမှတ်တိုင်တစ်ရပ် ဖြစ်ကြောင်း၊ အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်သည် ကုန်စည်ကုန်သွယ်ရေးတွင် စီးပွားရေးဆိုင်ရာ အခွင့် အလမ်းများဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများအတွက်ပါ အကျိုးရှိစေကြောင်း။

အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ် သောကုန်သွယ်မှု သဘောတူစာချုပ်အရ ကျင့်သုံး သည့် အကောက်ခွန်နှုန်းထားနှင့် ပင်ရင်းနိုင်ငံ စည်းမျဉ်းတို့ကို နားလည်သဘောပေါက်ခြင်းဖြင့် သဘောတူစာချုပ်အရ အကောက်ခွန်သက်သာခွင့် ဆိုင်ရာ အကျိုးကျေးဇူးများကိုရရှိစေနိုင်မည်ဖြစ် ကြောင်း၊ ယင်းအခွင့်အရေးကိုရယူ၍ သက်ဆိုင်ရာ အရာထမ်းများနှင့် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ယခု အလုပ်ရုံဆွေးနွေးပွဲမှ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုသဘောတူ စာချုပ်ကို ထိရောက်အကျိုးရှိစွာ အကောင်အထည် ဖော်အသုံးချသွားရန် တိုက်တွန်းကြောင်း ပြောကြား သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီး ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံ- ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှု ဒေသ ပင်ရင်းနိုင်ငံစည်းမျဉ်း ဆပ်ကော်မတီ၏ ပူးတွဲ သဘာပတိ Mr.Gusmiadi-rrahman၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ စီမံကိန်းတာဝန်ရှိသူ Mr. Kris Shandi Soekatawi၊ ဆွေးနွေးပို့ချမည့် ဗီယက်နမ်နိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာ ရှင်များ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြို့ပင်ကောက်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ကြို့ပင်ကောက် ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ကြို့ပင် ကောက်မြို့ မြို့နယ်အားကစား ကွင်းတွင် ယနေ့နံနက် ၈ နာရီက ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက် ပျိုးပွဲကို ကျင်းပသည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင် များအား မြို့နယ်သစ်တော ဦးစီး ဌာနမှ မြို့နယ်သစ်တောဦးစီး အရာရှိနှင့် တာဝန်ရှိသူများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများထံ ပေးအပ် ခဲ့ပြီး မိုးရာသီသစ်ပင်စိုက်ပွဲသို့ တက်ရောက်လာကြသည့် ရဲတပ် ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင် နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေ ပြည်သူများ အင်အား ၂၉၀ ခန့်က ကျွန်းပင် ၅၀၊ ပျဉ်းကတိုးပင်၅၀၊ မန်ကျည်းရှားအပင် ၁၀၀၊ မဟော်ဂနီ ၃၈ပင်၊ ပိတောက်နှစ်ပင်၊ ယင်းမာ၂၈ ပင်၊ ယမနေ နှစ်ပင်၊ တမလန်း နှစ်ပင် စုစုပေါင်းပျိုးပင် ၂၇၂ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ငပုတောမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ငပုတော ဇူလိုင် ၃

ဧရာဝတီတိုင်းဒေသကြီး ငပု တောမြို့၌ မြန်မာအမျိုးသမီးများ နေ့အထိမ်းအမှတ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၉ နာရီက အမှတ် (၄)အခြေခံပညာ မူလတန်း ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီး ဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးစိုးတင့်က သစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ပြီး စိုက်ပျိုးမည့်သစ်ပင်များကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် အဖွဲ့ဝင်များက ဌာနဆိုင်ရာများမှ တာဝန်ရှိသူ များအား ဆက်လက်ပေးအပ်ခဲ့ကာ သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ ကြသည်။

အဆိုပါ မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်



ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာထွန်း နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင် များ၊ ရပ်ကွက်နေပြည်သူများ အင်အား ၁၅၀ တက်ရောက်၍ မန်ကျည်းရှားအပင် ၁၅၀၊ ပျဉ်းကတိုး အပင် ၁၅၀ စုစုပေါင်းပျိုးပင် ၃၀၀ အား စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများမှ ပညာရေးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇွန် ၃၀ ရက်အထိ စာရင်းများအရ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၉ သိန်းကျော် ကျောင်းအပ်နှံ၍ ပညာသင်ကြားနေကြပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးလမ်းကြောင်းပေါ်တွင် ရှိနေရန် မဖြစ်မနေလိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ကလေးအားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမအပ်နှံရသေးသူများအတွက် ဇူလိုင် ၁၄ ရက်အထိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်လက်ခံရက် တိုးမြှင့်၍ ကျောင်းအပ်လက်ခံပေးမည်ဖြစ်ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာရေးလမ်းကြောင်းပေါ်တွင် ရှိနေခြင်းသည် နိုင်ငံအတွက် ကောင်းမွန်သည့် အချက်ဖြစ်ပါကြောင်း။

ယခုပညာသင်နှစ်တွင် KG+Grade 9 အထိ ပညာသင်ကြားနေသူ ကျောင်းသား ကျောင်းသူပေါင်း ၇၂ သိန်းကျော် ရှိပါကြောင်း၊ ထိုကျောင်းသားကျောင်းသူများအားလုံး ကျောင်းထွက်သူ မရှိရေး၊ ကျောင်းနေမြဲရေးအတွက် အားလုံးက ဝိုင်းဝန်းလက်တွဲ ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် အခြေခံအချက်သည် ပညာတတ်များပေါ်များရေးပင်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ပညာရေးမှူးများအနေဖြင့် မူလတာဝန်များအပြင် မြို့နယ်ပညာရေးမှူးများက မူလတန်းပညာရေး တိုးတက်စေရန်၊ ခရိုင်ပညာရေးမှူးများက အလယ်တန်းပညာရေး တိုးတက်စေရန်နှင့် တိုင်းပညာရေးမှူးများက အထက်တန်း ပညာရေး တိုးတက်စေရန် ထပ်ဆောင်း၍ အလေးပေးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လမ်းညွှန်ချက်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ စာရင်းဇယားမှန်ကန်ရေး အထူးဂရုစိုက်ဆောင်ရွက်ကြရန်နှင့် ဘွဲ့ယူစာတမ်းလက်စွဲစာအုပ်ပြုစုရန်တို့ကို မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# စတုတ္ထအကြိမ်မြောက် မြန်မာ-ကိုရီးယား Plant Tissue Culture and Genetics သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

ဒဂုံတက္ကသိုလ် ရုက္ခဗေဒဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Jeonbuk National University တို့ ပူးပေါင်းကျင်းပသည့် 4th Myanmar–Korea Conference on Plant Tissue Culture and Genetics သုတေသန စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီက ဒဂုံတက္ကသိုလ်၌ ကျင်းပသည်။

**ရလဒ်ကောင်းများ ရရှိနိုင်**

စာတမ်းဖတ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အပင်တစ်သျှူးနှင့် မျိုးရိုးဗီဇပညာရပ်ကို ကျွမ်းကျင်စွာ သိရှိနားလည်ပါက ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လက်ရှိမြန်မာနိုင်ငံတစ်ဝန်းရှိ ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက်အထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ချိတ်ဆက်နေသည့် ကမ္ဘာကြီးတွင် အထူးသဖြင့် သုတေသနနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကွဲပြားသောအမြင်များ၊ နည်းစနစ်များကို ဖလှယ်နိုင်ကာ ပိုမိုပြည့်စုံပြီး ခိုင်မာသော ရလဒ်ကောင်းများ ရရှိနိုင်ပါကြောင်း၊ ယနေ့ စာတမ်းဖတ်ပွဲ၌ ဓာတုဗေဒ၊ ရုက္ခဗေဒနှင့် သတ္တဗေဒ ပညာရပ်နယ်ပယ်အသီးသီးမှ သုတေသနစာတမ်း ၉၈ စောင် တင်သွင်းဆွေးနွေးကြမည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

စာတမ်းဖတ်ပွဲသို့ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်၊ ကိုရီးယားသမ္မတနိုင်ငံ Jeonbuk National University မှ ဒုတိယဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ စာတမ်းရှင်များ၊ သုတေသနပညာရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့ မင်းကုန်းကျေးရွာအုပ်စု၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ရွှေဘို ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မင်းကုန်းကျေးရွာအုပ်စုတွင် သစ်စိမ်းမြေဩဇာပြုလုပ်ရန်အတွက် ပိုက်ဆံလျှော် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးခြင်း၏ အားသာချက်နှင့် သစ်စိမ်းမြေဩဇာ သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။



အဆိုပါ ကွင်းသရုပ်ပြပွဲကို ခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းနှင့် ခရိုင် (မြေ၊ မျိုး၊ ပိုး) တာဝန်ခံများ၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့များ၊ သမဝါယမ ဦးစီးဌာနနှင့်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများ၊ ချီပါကျေးရွာအုပ်စု၊ မင်းကုန်းကျေးရွာအုပ်စုတို့မှ တောင်သူ ၂၃ ဦးနှင့် မြို့နယ်ဦးစီးမှူးရုံးမှ ကွင်းဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများအား ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ကျောက်တော်မြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ



**ကျောက်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် ကျောက်တော်မြို့ ပညာရေးငွေစုငွေချေး သမဝါယမအသင်း (လီမိတက်)၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ပညာရေးငွေစုငွေချေး သမဝါယမအသင်း (လီမိတက်)အမှုဆောင်ဒါရိုက်တာနှင့် အဖွဲ့ဝင်များ၊ အသင်းသား ၇၀၀ ၏ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပညာရေးငွေစုငွေချေး သမဝါယမအသင်း (လီမိတက်) ဥက္ကဋ္ဌနှင့် အခမ်းအနားမှူးအဖြစ် ပညာရေးငွေစုငွေချေးသမဝါယမအသင်း(လီမိတက်) အတွင်းရေးမှူးတို့က ဆောင်ရွက်ကြပြီး သဘာပတိက အမှာစကားပြောကြားခြင်း၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိက အမှာစကားပြောကြားခြင်း၊ ပညာရေးငွေစုငွေချေးသမဝါယမအသင်း အတွင်းရေးမှူး ဦးထွန်းထွန်းအောင်က အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားခြင်း၊ အသင်းစာရင်းစစ်အဖွဲ့ အစီရင်ခံစာနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ချုပ်အစီရင်ခံစာကို အသင်းစာရင်းစစ်အဖွဲ့ ခေါင်းဆောင် ဦးမောင်တင်ကြီးက ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး ယင်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသည့် အသင်းသားများက သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ချက်ရယူခြင်းများ ပြုလုပ်ကာ အသင်းသားဦးရေ ၇၀၀ အား စုဆောင်းငွေပေါ် အတိုးငွေကျပ်သိန်း ၆၈ ဒသမ ၈၅၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခံယူချက်မှန်ကန်စွာဖြင့် တာဝန်ထမ်းဆောင်မည့် အလုပ်သင်ဆရာဝန် ၆၀၀ ကျော်အား ကျန်းမာရေးဝန်ကြီးဌာနက ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇူလိုင် ၃

သင်ကြားရေးဆေးရုံကြီးများ၌ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ တစ်နှစ်တာ အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် ဆေးတက္ကသိုလ်(၂)နှင့် မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)တို့တွင် ကျင်းပသည်။

အဆိုပါအခမ်းအနားများသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားရာတွင် ခံယူချက်မှန်ကန်စွာဖြင့် ကြိုးစားခဲ့ပြီး အလုပ်သင်ဆရာဝန်အဖြစ်သို့ ရောက်ရှိလာခြင်းကြောင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိမည်ဖြစ်သည့်အတွက် နိုင်ငံတော်နှင့်ဝန်ကြီးဌာနအတွက် အလွန်မင်္ဂလာရှိသည့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စစ်မှန်သော ခံယူချက်၊ ယုံကြည်ချက်၊ ခိုင်မာသော စိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ကြိုးစားအားထုတ်မှုကြောင့်သာ ယခုကဲ့သို့ အလုပ်သင်ဆရာဝန်အဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် အသိအမှတ်ပြု ဝမ်းမြောက်ဂုဏ်ယူကြောင်း။

### ဖွင့်လှစ်ပို့ချပေးလျက်ရှိ

တာဝန်ကျရာဒေသရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ရန်တိုက်တွန်းလိုကြောင်း၊ ယနေ့အချိန်အထိ ဆေးပညာရှင် ဆရာဝန် ၄၇၃၃၇ ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၅၄၃၇ ဦး၊ ဆေးဝါးပညာရှင် ၄၂၂၂ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာရှင် ၄၅၂၉ ဦး၊ သူနာပြုသိပ္ပံဘွဲ့ရ ၉၄၉၆ ဦးနှင့် အခြေခံကျန်းမာရေးပညာရှင် ၂၃၆၆ ဦးတို့ကို မွေးထုတ်ပေးပြီးဖြစ်ကြောင်း၊ ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် ဒီပလိုမာ၊ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့လွန်သင်တန်းအမျိုး ၁၄၀ ကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း။



### အချိန်ကို အကျိုးရှိအောင်ကြိုးစား

အလုပ်သင်ဆရာဝန်ကာလ ပြီးဆုံးပါက လက်ထောက်ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်ကြသည့် လက်ထောက်ဆရာဝန်များအတွက် လုပ်သက်သတ်မှတ်ချက်မရှိဘဲ တက်ရောက်နိုင်သော ဘွဲ့လွန်သင်တန်း ၁၁ မျိုးကိုလည်း ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည့်အတွက် အလုပ်သင်ဆရာဝန်ကာလတစ်လျှောက် အချိန်ကို အကျိုးရှိအောင် ကြိုးစားသွားကြရန် တိုက်တွန်းကြောင်း၊ နိုင်ငံတော်၏ကျေးဇူးကို ယုံကြည်ချက်၊ ခံယူချက်၊ ခိုင်ခိုင်မာမာဖြင့် ကျေးဇူးဆပ်နိုင်သော အဖိုးတန် နိုင်ငံသားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းမှာကြား

ဆက်လက်၍ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်အေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာဝန်များလိုက်နာရမည့် ကျင့်ဝတ်များနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

အခမ်းအနားများအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သင်ဆရာဝန်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လန်းဆန်းစာ အတူတကွ သုံးဆောင်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ သွားရောက်ကာ အသစ်ဖွင့်လှစ်မည့် ခွဲစိတ်ခန်းများပြင်ဆင်ထားရှိမှု၊ အထူးကြပ်မတ်ကုသဆောင်များ၊ ကျောက်ကပ်သွေးသန့်စင်ခန်းများတွင် လူနာများ စိတ်အေးချမ်းသာစွာကုသမှုခံယူနိုင်ရန် ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

အလားတူ ဆေးတက္ကသိုလ်(မန္တလေး) အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ်(မန္တလေး) ဇီဝက(မန်းရတနာပုံ) ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့အတူ ဆေးတက္ကသိုလ်(မကွေး) အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆေးတက္ကသိုလ်(မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာတင်ထွန်း တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန် စုစုပေါင်း ၆၀၄ ဦးသည် ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်၍ သင်ကြားရေးဆေးရုံကြီးများတွင် အလုပ်သင်ဆရာဝန်အဖြစ် တစ်နှစ်တိတိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပြီး သင်တန်းကာလပြီးမြောက်ပါက လက်ထောက်ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်ကို ဆက်လက်ထမ်းဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကွင်းယားအရှေ့ကျေးရွာအုပ်စု၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ကန်ကြီးထောင့် ဇူလိုင် ၃

ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကွင်းယားအရှေ့ကျေးရွာအုပ်စု (စာဖြူစု+တံတားဦး)ကျေးရွာနှစ်ရွာ တစ်ယူနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆဋ္ဌမနှစ်စက်ဝန်းတွင် အသင်းသား ၁၃၄ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းထုတ်ချေးငွေကျပ် ၃၇ ဒသမ ၈ သန်း၊ တစ်ကျပ်အတိုးနှုန်းဖြင့် ထုတ်ချေးထားသည့် ကျေးရွာများသို့ ချေးငွေများဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုများအား ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဌေးနိုင်(ဒုတိယညွှန်ကြားရေးမှူး) ကွင်းဆင်းစစ်ဆေးရာ ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်ဖူးသစ်မြတ်ချယ်(ဦးစီးအရာရှိ၊ နည်းပညာ)(ခေတ္တမြို့နယ်ဦးစီးမှူး)က လိုက်လံရှင်းလင်းတင်ပြသည်။

အဆိုပါ မြစိမ်းရောင်ချေးငွေထုတ်ချေးထားသည့် အသင်းသားများမှာ စိုက်ပျိုးရေးလုပ်ငန်း ၅၉ ဦး၊ မွေးမြူရေးလုပ်ငန်း ၆၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း ၁၃ ဦး လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၀၅ | ၂၀၀၀ | ၁၉၆၅ | ၂၀၀၅ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၀ | ၂၀၉၀ | ၂၁၀၅ | ၁၉၉၅ | ၂၀၀၅ | ၂၀၄၅ | ၂၀၄၅ | ၂၀၄၅ | ၂၂၇၅ | ၂၈၂၀ |
| 95 Ron | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၁၅ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၉၀ | ၂၉၂၀ |
| HSD (500 ppm) | ၁၉၄၀ | ၁၉၈၅ | ၁၉၈၅ | ၁၉၄၅ | ၁၉၈၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၉၀ | ၂၀၈၅ | ၁၉၈၀ | ၁၉၉၀ | ၂၀၂၅ | ၂၀၂၅ | ၂၀၂၅ | ၂၂၅၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၂၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၂၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၀၅ | ၂၃၃၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၂၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၂၅ | ၂၀၆၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၁၇၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၀၅ | ၂၃၃၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၆ | ၁၉၂၇ |
| 95 Ron | ၁၉၆၅ | ၂၀၃၈ |
| HSD (500 ppm) | ၁၈၄၁ | ၁၉၀၇ |
| HSD (50 ppm) | ၁၉၁၅ | ၁၉၈၂ |
| HSD (10 ppm) | ၁၉၁၅ | ၁၉၈၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၈၀၉ စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၂-၇-၂၀၂၃)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၅,၈၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂၀) တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၄)ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၇၃,၀၀၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၅၁၆)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၂၅)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၄၄၆)ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပပြီး ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်



**ရန်ကုန် ဇူလိုင် ၃**

ယနေ့တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားနှင့် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသမီးများနေ့အခမ်းအနားလှုပ်ရှားမှု Video Clip ကို ပြသပြီး အခြေခံပညာကျောင်းမှ ကျောင်းသူလေးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တို့မှ ကျောင်းသူလေးများက ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အမျိုးသမီးများနေ့ အကြိုစာစီစာကုံးပြိုင်ပွဲတွင် ပြည်ထောင်စုအဆင့် ဆုရရှိသူတစ်ဦး၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်ဆုရရှိသူ အမျိုးသမီးအားကစားသမား ခုနစ်ဦး၊ (၁၂) ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် အမျိုးသမီးအားကစားသမားတစ်ဦး၊ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူ လေးဦးနှင့် မြန်မာအမျိုးသမီးများနေ့အကြို စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူ ကိုးဦးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့ကလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က လည်းကောင်း၊ တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ဖျော်ဖြေရေးအဖွဲ့များအား လူမှုရေးရာဝန်ကြီး၏ဇနီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများ၊ ဆုရရှိသူများက မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ၂၀၂၃ ခုနှစ် မြန်မာအမျိုးသမီးများနေ့ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကိုကျင်းပရာ စာရေးဆရာမ ဒေါ်ဖြူဖြူဥ(လေဒီဒိုင်းမွန်း)က "မိန်းမနှင့်လောကကို အလှဆင်ခြင်း၊" အနုပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ မစန္ဒာက "မိန်းမတို့အကြောင်း"၊ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ မြင်းမူမောင်နိုင်မိုးက "အမေသာ တစ်ခါပြုံးလျှင်ဖြင့် တစ်ကမ္ဘာလုံးလှနိုင်သည်" ခေါင်းစဉ်များဖြင့် စာပေဟောပြောခဲ့ကြောင်းနှင့် စာပေဟောပြောပွဲတွင် အလုံမြို့နယ် အမှတ် (၄) မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများ၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ သမီးပျိုလေးများနှင့်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ လှပျိုဖြူများက ဖျော်ဖြေတင်ဆက်ကြပြီး ဖျော်ဖြေတင်ဆက်ကြသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ကြကာ စာရေးဆရာများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးကြီးကြပ်မှုအောက်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဂုဏ်ပြုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့၏ ဆောင်ရွက်ချက်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းတွင် ဘာသာရပ်အလိုက် လက်တွေ့သင်ကြားပေးနေသည့် နမူနာပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မုံရွာ ဇူလိုင် ၃**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် အမျိုးသမီးကော်မတီ အဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးငယ်များက "မင်္ဂလာပါ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip ကို ကြည့်ရှုအားပေးကြပြီး အမျိုးသမီးငယ်များက "ပန်းကလေးများ၏ဥယျာဉ်မှ" တေးသီချင်းဖြင့် ကပြဖျော်ဖြေကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ

**လှိုင်ကော် ဇူလိုင် ၃**

၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာများ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အမျိုးသမီးခေါင်းဆောင် စွမ်းစွမ်းတမံဆုရ ပြည်နယ်ကြက်ခြေနီအသင်းမှ ဒေါ်ထက်အိဝေနှင့် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကယားပြည်နယ်အတွင်း အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသူ မသင်းနန္ဒီစိုးတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ပြီး ရွှေလက်ဝါးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ လူငယ်မောင်မယ်များက "ပအိုဝ်းသီချင်း" ဖြင့်လည်းကောင်း၊ လှိုင်ကော်မူလတန်းကြိုကျောင်း ရင်သွေးငယ်များက"ထာဝရသစ္စာ" သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြင့်ကြည်က ကပြဖျော်ဖြေတင်ဆက်ကြသည့် အကအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရသူများ၊ အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွား ၂ ဒသမ ၅၇ သန်းခန့် ဝင်ရောက်

ဖနောင်ပင် ဇူလိုင် ၃

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမနှစ်ဝက်တာကာလအတွင်း နိုင်ငံခြားသား ခရီးသွား ၂ ဒသမ ၅၇ သန်းခန့်ဝင်ရောက်ခဲ့ခြင်းကြောင့် ယင်းအရေအတွက်သည် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၀၉ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသား ခရီးသွားများ အဓိကလာရောက်သည့်နိုင်ငံများအနက် ထိုင်းနိုင်ငံသည် အများဆုံးလာရောက်သည့် နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံနောက်တွင် ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ် ပထမနှစ်ဝက်တာကာလအတွင်း လေကြောင်းခရီးမှ နိုင်ငံခြားသား ခရီးသွား ၉၁၀၀၀၀ ခန့် လာရောက်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၇၉ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ပထမနှစ်ဝက်တာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ကုန်းလမ်းခရီးမှ နိုင်ငံခြားသား ခရီးသွား ၁ ဒသမ ၆၃ သန်း ဝင်ရောက်ခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅၂၆ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလဖြစ်သည့် ၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား ၆ ဒသမ ၆ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားအရေအတွက် ခုနစ်သန်းအထိ ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသား ရှစ်သိန်းနှင့် တစ်သန်းအကြားအထိ ဝင်ရောက်ရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**





# တရုတ်ရေတပ်မှ ပင်လယ်သွားဆေးရုံသင်္ဘော Peace Ark ဆေးကုသရေးတာဝန်ထမ်းဆောင်ရန် ထွက်ခွာ

ပေကျင်း ဇူလိုင် ၃

တရုတ်ရေတပ်မှ ပင်လယ်သွားဆေးရုံသင်္ဘော Peace Ark သည် ပစိဖိတ်ကျွန်းစုနိုင်ငံများဖြစ်သည့် ကီဘာတီ၊ တွန်ဂါ၊ ဗာနွာတူ၊ ဆော်လမွန်ကျွန်းစုနှင့် အရှေ့တီမောနိုင်ငံများရှိ ဒေသခံပြည်သူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် ဆေးကုသမှုဆောင်ရွက်ပေးနိုင်ရေးအတွက် တရုတ်နိုင်ငံမှ ယမန်နေ့တွင် ထွက်ခွာခဲ့ကြောင်း သိရသည်။

ယင်းပင်လယ်သွား ဆေးရုံသင်္ဘောသည် သက်ဆိုင်ရာနိုင်ငံများရှိ ဆိပ်ကမ်းများတွင် ဝင်ရောက်ဆိုက်ကပ်ရပ်နားသွားမည်ဖြစ်ပြီး ဒေသခံများနှင့် သက်ဆိုင်ရာနိုင်ငံများတွင် ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများကို အခမဲ့ဆေးကုသမှုများကို သီတင်းတစ်ပတ်ကြာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများကိုလည်းသက်ဆိုင်ရာ နိုင်ငံများတွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းဆေးရုံသင်္ဘောတွင် အမှုထမ်း ၁၂၆ ဦး တာဝန်ထမ်းဆောင်ပြီး ခွဲစိတ်ကုသရေးဌာန၊ အရိုးအကြောဆေးပညာဌာန၊ သားဖွားမီးယပ်ပညာဌာန အပါအဝင် အခြားဆေးကုသရေးဌာနများကိုလည်း ဖွဲ့စည်းထားသည်။

ယင်းပင်လယ်သွားဆေးရုံသင်္ဘောသည် တရုတ်နိုင်ငံထုတ် အဆင့်အတန်းမြင့်သည့် ပင်လယ်သွားဆေးရုံသင်္ဘောဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် ပင်လယ်ပြင်၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိအချိန်အထိ နိုင်ငံနှင့်ဒေသပေါင်း ၄၃ ခုတွင် ဆေးကုသရေးတာဝန်များ ထမ်းဆောင်ပြီးစီးခဲ့ရာတွင် ရောဂါဝေဒနာရှင် ၂၅၀၀၀၀ ကျော်ကို ကုသပေးခဲ့ပြီး ခွဲစိတ်ကုသမှု ၁၅၀၀ ကျော်ကို ဆောင်ရွက်ပေးခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အစ္စရေးတပ်မတော်က အနောက်ဘက်ကမ်းဒေသ ဂျီနင်မြို့တွင် စစ်ဆင်ရေးဆင်နွှဲ

ရာမာလာ ဇူလိုင် ၃

အစ္စရေးတပ်မတော်က အနောက်ဘက်ကမ်းဒေသ ဂျီနင်မြို့တွင် ယမန်နေ့က စစ်ဆင်ရေး ဆင်နွှဲခဲ့ကြောင်း သိရသည်။

ဒရုန်းယာဉ်များ၊ သံချပ်ကာကားများ၊ ရဟတ်ယာဉ်များပါဝင်သည့် အစ္စရေးတပ်ဖွဲ့သည် ၎င်းမြို့နှင့် မြို့အတွင်းရှိ ဒုက္ခသည်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းစစ်သွေးကြွများနှင့် အစ္စရေးတပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း ပါလက်စတိုင်းဒေသခံများက ပြောကြားသည်။

စစ်သွေးကြွအုပ်စုများ တပ်ပေါင်းစု ဖွဲ့စည်းထားသည့် ဂျီနင်တပ်ဖွဲ့ဟု အမည်ရသည့် စစ်သွေးကြွများ၏ စခန်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်မှ မှတ်ချက်ပြုသည်။ အနောက်ဘက်ကမ်းခြေဒေသတွင် အစ္စရေးလူမျိုး အခြေချနေထိုင်သူများက ပါလက်စတိုင်းဒေသခံများကို အကြမ်းဖက်မှု ကျူးလွန်ရန်အားပေးသည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ အစီအစဉ်ကို ကန့်ကွက်ကြောင်း ပါလက်စတိုင်းဘက်မှ ထပ်လောင်းပြောကြားသည်။

နေတန်ယာဟုသည် အနောက်ဘက်ကမ်းဒေသတွင် အစ္စရေးလူမျိုးများ အများအပြား အခြေချနေထိုင်နိုင်ရန်အကူအညီပေးနေပြီး ပါလက်စတိုင်းဒေသခံများကို အကြမ်းဖက်မှုကျူးလွန်ရန် အားပေးနေကြောင်း ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**





# ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ စွန့်ပစ်ရေများအား စွန့်ထုတ်မည့်အစီအစဉ်ကို နွေရာသီတွင် ဆောင်ရွက်မည်

တိုကျို ဇူလိုင် ၃

ဂျပန်အစိုးရသည် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံမှ စွန့်ပစ်ရေများအား ပစိဖိတ်သမုဒ္ဒရာအတွင်းသို့စွန့်ထုတ်မည့်အစီအစဉ်ကို ယခုနှစ် နွေရာသီတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူး မက်ဆူနိုဟီရိုကာဇူက ပြောကြားသည်။

သို့ရာတွင် စွန့်ပစ်ရေများ စွန့်ထုတ်ရာတွင် ပင်လယ်ကမ်းခြေ၌ ရေချိုးဆင်းသူများ များပြားသည့် ရာသီကို ရှောင်ကြဉ်သင့်ကြောင်း လက်ရှိအာဏာရ လက်ဘရယ်ဒီမိုကရက်ပါတီ၏ မဟာမိတ်ပါတီဖြစ်သည့် ကိုမီတိုပါတီကိုယ်စားလှယ် ယာမာဂူချီနက်ယူအိုက ထပ်လောင်းပြောကြားသည်။

စွန့်ပစ်ရေများ စွန့်ထုတ်ရေးတွင် သတ်မှတ်စံချိန်စံညွှန်းများကို တိကျစွာ လိုက်နာသွားမည်ဖြစ်ကြောင်း မက်ဆူနိုက မှတ်ချက်ပြုသည်။

၎င်းကိစ္စရပ်အတွက် လမ်းညွှန်ချက်များကို နိုင်ငံသားများသိရှိစေရေးအတွက် ရုပ်မြင်သံကြားမှ သတိပေးချက်များ ထုတ်ပြန်သွားမည်ဖြစ်သည်။ ဘက်ပေါင်းစုံမှ တိကျသေချာစွာသုံးသပ်ပြီးနောက် ၎င်းနျူကလီးယား ဓာတ်အားပေးစက်ရုံမှ စွန့်ပစ်ရေများကို လုံခြုံစိတ်ချရသည့် နည်းလမ်းများဖြင့် စွန့်ပစ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများ အဖြစ်ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကညင်တောရပ်ကွက်နှင့် ရခိုင်ပိုက်ဆိပ်ရပ်ကွက်များအတွင်းရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များအား မြို့ပေါ်ပရဟိတအသင်းများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် မြို့လုံးကျွတ်ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုသည်။ ယင်းနောက် စေတီတောင်ရပ်ကွက်ရှိ သာသနဇောတိကာရုံ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ အဆိုပါကျောင်းတိုက်၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူနေသူများကို ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းသည့် တိုင်းရင်းဆေးမျိုးစုံကို ပေးအပ်လှူဒါန်းကာ အားပေးစကားများပြောကြားသည်။

ထို့နောက် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် နဂါးကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒာ ဘိဝံသကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အားဆေးများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့၌ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကကျက်ဘက်ကံပြင်ကျေးရွာအုပ်စုရှိ အမှတ်(၃) အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျေးရွာအုပ်စု သုံးစုမှ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ အဆိုပါစာသင်ကျောင်း၌ လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် ဆရာ ဆရာမများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အားပေးစကားများပြောကြားကာ စာသင်ကျောင်းဆောင် အဆောက်အအုံပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြောက်ဦးမြို့ မြို့တော်ခန်းမ၌ ရောက်ရှိနေသော မုန်တိုင်းသင့်ပြည်သူများအား ထောက်ပံ့မည့် ဆန်အိတ် ၁၀၂၇ အိတ်ကို ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေး လိုအပ်သည်များ မှာကြားခဲ့သည်။

အလားတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ တာဝန်ရှိသူများအား ထောက်ပံ့ပစ္စည်းများရောက်ရှိပါက ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းထားသိုရန်နှင့် ထားရှိမည့်နေရာများ ကြိုတင်ပြင်ဆင်နိုင်ရေးအခြေအနေများနှင့် ပတ်သက်၍ မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများထားရှိမည့် Cyclon Shelter သို့ သွားရောက်၍ ပစ္စည်းထားသိုမှုနှင့် ထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဦးရာဇ်မင်္ဂလာကြိုးတံတား ပြုပြင်တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့နယ်ရှိ ရွာသစ်ကေ-ဇော်မတက်-မင်းဂံကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအား ဒေသခံပြည်သူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ စုပေါင်း၍ ပြန်လည်ပြုပြင်



နေပြည်တော် ဇူလိုင် ၃

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာအနီးရှိ ရွာသစ်ကေ–ဇော်မတက်–မင်းဂံကျေးရွာချင်းဆက် ကွန်ကရစ်လမ်းအား ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကွန်ကရစ်လမ်းဝဲ၊ ယာ လမ်းပခုံး ပျက်စီးမှုများကို ပြုပြင်ခြင်း၊ နုန်းမြေများကို ဖယ်ရှားရှင်းလင်းခြင်း၊ တံတားအောက် ချောင်းရေ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များ ဆယ်ယူပေးခြင်း လုပ်ငန်းများကို စက်ယန္တရားများဖြင့် စုပေါင်းဆောင်ရွက်ပေးကြသည်။

## ကြည့်ရှုအားပေး

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေသူများကို အချိုရည်ဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၃

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ စံပြရပ်ကွက်ရှိ စံပြစာတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရွှေဇားကျေးရွာရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ စေတီတောင်ရပ်ကွက်ရှိ သာသနဇောတိကာရုံကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကကျက်ဘက်ကံပြင်ကျေးရွာ၌ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ငါးပွန်းကြီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့တွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ



တောင်ကြီး ဇူလိုင် ၃

မြန်မာ အမျိုးသမီးများနေ့ အခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှမ်းပြည်နယ် အမျိုးသမီး ကော်မတီနာယက ဒေါ်နှင်းဝေက ရှမ်းပြည်နယ်အတွင်း အမျိုးသမီး များဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အနေဖြင့် အမျိုးသမီးအခွင့်အရေး နှင့် ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးခြင်းကို ရပ်ကွက်၊ ကျေးရွာများအထိ ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် စီစဉ် လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက နည်းပညာများ ဖွံ့ဖြိုးတိုးတက် လာသည်နှင့်အညီ အမျိုးသမီးများ ကို အွန်လိုင်းမှ နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရမှုများ ကာကွယ် နိုင်ရေးကို အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အတွင်းရှိ ထူးချွန်သည့် အမျိုးသမီး များအား ဂုဏ်ပြုဆုချီးမြှင့်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်း ပြည်နယ် အမျိုးသမီးကော်မတီ နာယက ဒေါ်နှင်းဝေ၊ ရှမ်းပြည်နယ် အမျိုးသမီး ကော်မတီအတွင်း ရေးမှူး ပြည်နယ်လူမှုရေးရာ ဝန်ကြီးနှင့် ကော်မတီအဖွဲ့ဝင် များက ဆုများချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# သီပေါမြို့နယ်၌ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူ



သီပေါ ဇူလိုင် ၃

နိုင်ငံသားတစ်ဦးချင်း၏ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းကို ရှမ်းပြည်နယ်ဒုတိယ(လဝက)မှူး၊ လားရှိုးနှင့် ကျောက်မဲခရိုင် (လဝက)ဦးစီးမှူးတို့၏လမ်းညွှန်မှု၊ သီပေါ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့်လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သီပေါမြို့နယ်ဦးစီးမှူးရုံးမှ ယနေ့ နံနက် ပိုင်းက သီပေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ် သည်။

ဦးစွာ သီပေါမြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် အဖွဲ့ဝင်များက စာရင်းကောက်ယူနေမှုကို လိုက်လံကြည့်ရှုအားပေး ကြောင်း သိရသည်။

၂၁၀

# ကျိုက်မရောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအကြို အခြေခံမီးသတ်ပညာ လေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်

ကျိုက်မရော ဇူလိုင် ၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြို အခြေခံမီးသတ်ပညာ လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပ သည်။

ဦးစွာ ကျိုက်မရောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးကျော် က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းက အမှာစကားပြောကြားပြီး မီးသတ်ဦးစီးမှူး ကိုယ်စား ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးဝေအောင်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လေ့ကျင့်ရေးအစီအမံများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၃ ရက်မှ၂၈ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

○ MNL ပြိုင်ပွဲမှ

အနိုင်ဂိုးရှင် ဝေလင်းအောင်(ဒဂုံ စတား)ကရရှိသည်။ ယခုပွဲအပြီး တွင် ဒဂုံစတားအသင်းက ၁၁ ပွဲ ကစား ၁၄ မှတ်၊ ကချင်ယူနိုက် တက်အသင်းက ၁၁ ပွဲ ကစား ကိုးမှတ် ရရှိထားသည်။

ပွဲစဉ်(၁၁) တတိယနေ့ကို ဇူလိုင် ၅ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက် တက်အသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် မဟာယူနိုက်တက် အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ် သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL




# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပတ္တာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသ ကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ (IBEC)၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိရွှေဟသ်ာတောရကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျော်အောင်စံထားကျောင်း တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံပရိယတ္တိ စာသင်တိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ သာသနာ့ဟိတ ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သိရိနေဝ် ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်း ဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဝံသပါလကျောင်းတိုက်၊ မန္တလေးတိုင်းဒေသ ကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မဟာအောင်မြေ မြို့နယ်ရှိဗန်းမော်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိရက္ခပူရ သာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် မြို့နယ်ရှိ ကျောင်းကြီးကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီး မြို့နယ်ရှိ ကံဦးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဇီးကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဇီးကုန်း ဇူလိုင် ၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇ နာရီခွဲက မြို့နယ်အားကစား ကွင်း၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များကို တာဝန်ရှိသူများက ပေးအပ် ခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျွန်းပင် ၁၀၀၊ မန်ကျည်းရှားပင် ၁၀၀၊ ကသစ်ပင် ၁၀၀၊ သပြေဘူတပင် ၅၀၊ မဟော်ဂနီပင် ၁၀၀ စုစုပေါင်းပျိုးပင် ၄၅၀ ကို မြို့နယ်အားကစားကွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လှိုင်မြို့နယ်၌ ၂၀၂၂- ၂၀၂၃ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် လှိုင်စိုးမိုး ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က အသင်းရုံး ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီး အရာရှိ ဦးစိုးမင်းသန့်က အခမ်းအနားပြုလုပ်ရခြင်း၏ရည်ရွယ်ချက် ကို ရှင်းလင်းပြောကြားပြီး အသင်းသား ၁၈၅ ဦးအား အစုပေါ်အမြတ် အဖြစ် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အမြတ်ငွေကျပ် ၃၇၀၀၀၀၀ ကို ဇူလိုင် ၄ ရက်မှ ၉ ရက်အထိ အသင်းသားများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## “An Outline History of Myanmar Literature (Bagan Period to Kon-baung Period)” စာအုပ် ထုတ်ဝေဖြန့်ချိ




ဆရာကြီးဒေါက်တာခင်မောင်ညွန့်ရေးသား၍ ဒုတိယအကြိမ် ထပ်မံဖြည့်စွက်ထားသော “An Outline History of Myanmar Literature (Bagan Period to Kon–baung Period)” စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်ပါသည်။ “An Outline History of Myanmar Literature (Bagan Period to Kon–baung Period)” စာအုပ်ကို ၁၉၉၈ ခုနှစ်တွင် စာပေဗိမာန်က ပထမအကြိမ် ထုတ်ဝေခဲ့ပြီး၊ ၂၀၂၃ ခုနှစ်တွင် ထပ်မံဖြည့်စွက်ပြီး ဒုတိယ အကြိမ်အဖြစ် စာပေဗိမာန်က ထပ်မံထုတ်ဝေခြင်း ဖြစ်ပါသည်။

စာအုပ်တွင် လင်္ကာများနှင့် ကျောက်စာများ ထွန်းကားသော ပုဂံခေတ်စာပေ၊ ရဲသွေး ရဲမာန် တက်ကြွစေသော ကာချင်းများ ပေါ်ထွက်သည့် ပင်းယခေတ်စာပေ၊ ရဟန်းစာဆိုတော် များ ထင်ရှားပြီး ပျို့ ထွန်းကားသည့် အင်းဝခေတ်စာပေ၊ ရတုနှင့် ချေင်းတို့ အားကောင်းသော တောင်ငူခေတ်စာပေ၊ စကားပြေရေးဖွဲ့မှု ကြွယ်ဝသော ညောင်ရမ်းခေတ်စာပေ၊ ပျို့ရေးဖွဲ့မှု တစ်ဖန် ဆန်းသစ်လာသည့် ကုန်းဘောင်ခေတ်ဦးစာပေနှင့် စကားပြေအမျိုးမျိုး၊ ကဗျာ အမျိုးမျိုး၊ ပြဇာတ် စသည်ဖြင့် စာပေအမျိုးအစားစုံလင်သည့် ကုန်းဘောင်ခေတ်နှောင်းကာလစာပေဟူ၍ မြန်မာစာပေဖွံ့ဖြိုး တိုးတက်လာပုံ အဆင့်ဆင့်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်။ စာပေကောက်နုတ်ချက်များကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ယှဉ်တွဲဖော်ပြထားသည်။

မြန်မာစာပေ စိတ်ဝင်စားသူ လူငယ်များ၊ မြန်မာစာပေကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုလေ့လာလိုသူများ၊ မြန်မာစာပေကို လေ့လာလိုသူ နိုင်ငံခြားသားများ ဖတ်ရှုသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

“An Outline History of Myanmar Literature (Bagan Period to Kon–baung Period)” စာအုပ်ကို တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ရန်ကုန်၊ အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁–၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈)၊ အမှတ် (တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

## အမေ့အပြုံးနှင့် အဖေ့မျက်ရည်(မြင်းမူမောင်နိုင်မိုး)




အမေ့အပြုံးသည် သန့်စင်သည်၊ အေးမြသည်၊ ကြည်လင်သည်။ ပြီးတော့ သားသမီးတို့အတွက် ခွန်အားဖြစ်စေသည်။ အမေ့မျက်နှာသည် ငြိမ်းအေးသည်၊ သိမ်မွေ့သည်၊ နူးညံ့သည်။ ပြီးတော့ သားသမီးတို့အတွက် အဆုံးမဲ့သော မေတ္တာရောင်ခြည်တို့ကို ပေးလွှတ်နိုင်သည်။ ထို့ကြောင့် အမေသာ တစ်ခါပြုံးလျှင်ဖြင့် တစ်ကမ္ဘာလုံးလှနိုင်သည်ဟု စာရေးသူက ညွှန်းဆိုသည်။

ထို့အပြင် ဆိုခဲ ပြောခဲ ဖွင့်ဟခဲလှသော မြို့သိပ်နိုင်စွမ်းကြီးမားလှသော အဖေတို့၏ရင်ထဲတွင် စကားလုံးတွေ အနန္တ ပြောချင်တာတွေ အနတ္တမရှိလေသည်။ အဖေတွေမို့ မျက်ရည် မကျခဲ့ဖူးဘူးဟူ၍ မထင်လိုက်ပါနှင့် အမှန်စင်စစ် အဖေ့မျက်ရည်တစ်စက်သည် ပင်လယ်ထက်ပင် ကျယ်လိမ့်မည်ဟုလည်း ဖွဲ့ဆိုသည်။

သားသမီးတိုင်း မိဘများကို ပိုမိုချစ်ခင်စေလိုသောစိတ်၊ ပိုမိုလုပ်ကျွေးပြုစုလိုသောစိတ်များ၊ တစ်နည်းအားဖြင့် မိဘများ၏ကျေးဇူးကို သိတတ်နားလည်သော သားသမီးများဖြစ်စေရန်ဆန္ဒဖြင့် အဖေ့အကြောင်းနှင့် အမေ့အကြောင်း ရေးဖွဲ့ထားသောကဗျာ၊ ဆောင်းပါး၊ ရသစာစုများပါ အပုဒ် ၂၀ ပါဝင်သည့် ဤစာအုပ်ကို မြဝတီစာပေတိုက် အမှတ် (၁၅)၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ (မြေညီထပ်) ရန်ကင်းမြို့နယ် (ရန်ကုန်တိုင်းဒေသကြီး)ကထုတ်ဝေဖြန့်ချိပြီး မြဝတီစာပေတိုက်နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (ဖုန်း– ၀၉၇၃၆၅၃၆၂၅/ ၀၉၈၈၃၄၈၃၇၁၈/ ၀၉၆၇၂၇၄၅၃၀၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

## ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပေါက်ခေါင်း ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲက သဖန်းချိုကျေးရွာ ကန်ကုန်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ စိုက်ပျိုးမည့်ပျိုးပင်များအား မြို့နယ်သစ်တောဦးစီးအရာရှိ ဦးနေမျိုးဝင်းက ဌာနဆိုင်ရာတာဝန်ရှိသူများအား ပေးအပ်ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ၊ နယ်မြေ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာန ဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၃၀၀၊ ပျဉ်းမ ၂၀၊ ပိတောက် ၃၀၊ ယမနေ ၂၀၊ စိန်ပန်း ၁၀၊ ပျဉ်းမ ၂၀၊ ပုန်းညက် ၂၀၊ မည်စည် ၂၀၊ ဗာဒံ ၂၀၊ ယင်းမာ ၂၀ နှင့် သပြေ ၂၀ စုစုပေါင်းပျိုးပင် ၅၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



မြို့နယ်(ပြန်/ဆက်)



## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (သဃ်န်းကျွန်းခရိုင်)ဖွဲ့စည်းခြင်းနှင့် ရုံးခန်းဖွင့်လှစ်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အမ်အိုင်အေစီ) အသင်းကြီး၏သဃ်န်းကျွန်းခရိုင်ဖွဲ့စည်းခြင်းနှင့် ရုံးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် MIAC ဗဟိုဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ MIAC သဃ်န်းကျွန်းခရိုင် ဆိုင်းဘုတ်ကို တက်ရောက် လာကြသော အမှုဆောင်များက အောင်သပြေပန်းဖြင့် နံ့သာရည်များ ပက်ဖျန်းကြသည်။ ထို့နောက် MIAC သဃ်န်းကျွန်းခရိုင် ဥက္ကဋ္ဌ ဦးညီညီသိန်းက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

မောင်မောင်(လှိုင်စစ်)

## ဘီးလင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်

**ဘီးလင်း ဇူလိုင် ၃**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြို အခြေခံမီးသတ်ပညာ သင်တန်း (၁ / ၂၀၂၃) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘီးလင်းမြို့နယ် မီးသတ် ဦးစီးဌာနတွင် ကျင်းပသည်။



ဦးစွာ ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲမှူး ရဲမှူးကျော်လှထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ် ဦးစီးမှူး ဦးထွန်းထွန်းလင်းက သင်တန်း ဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒုရဲမှူး ကျော်လှထွေးက သင်တန်းသားများအား တူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်/ ကျေးရွာများမှ အရန်မီးသတ် တပ်ဖွဲ့ ဝင် ၃၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၃ ရက်မှ ၂၈ ရက်အထိ လေးပတ်ကြာ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)




## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေး

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁) ရပ်ကွက်အတွင်းရှိ အောင်ငြိမ်းချမ်းရောင်းဝယ်ရေး သမဝါယမ အသင်းလီမိတက်နှင့် ကောင်းမြတ်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၊ သမဝါယမ အရောင်းဆိုင်များ၌ ဇူလိုင် ၁ ရက်တွင် အခြေခံ စားသောက်ကုန်ပစ္စည်းများကို အသင်းသူ/အသင်းသားများနှင့် ရပ်ကွက် အတွင်းရှိ ပြည်သူများအား ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆန်၊ ဆီ နှင့် လူသုံး၊ အိမ်သုံး စားသောက်ကုန်ပစ္စည်းများအား ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ ပြည်သူများ ဝယ်ယူလျက် ရှိကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

# စစ်ကိုင်းတိုင်းဒေသကြီးမှ ယခင်လနှင့် ယခုလ ဆန်စီးထွက်မှုအခြေအနေ

**စစ်ကိုင်း ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီးသည် ဆန်ပိုဒေသများဖြစ်သော ရွှေဘို၊ ကလေး၊ ကသာနှင့် ကန့်ဘလူခရိုင်များအနေဖြင့် မေလတွင် မန္တလေးတိုင်းဒေသကြီးသို့ အိတ် ၂၃၄၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးသို့ အိတ် ၁၆၆၀၀၀၊ မကွေးတိုင်းဒေသကြီးသို့ အိတ် ၃၀၀၀၊ ရှမ်း(တောင်)သို့ အိတ် ၁၆၀၀၀၊ ရှမ်း(မြောက်)သို့ အိတ် ၁၆၀၀၀၊ နေပြည်တော်သို့ အိတ် ၄၉၀၀၀၊ ကချင်ပြည်နယ်သို့ အိတ် ၁၀၀၀၀ စုစုပေါင်း အိတ်ရေ ၄၉၄၀၀၀ တန်အားဖြင့် တန်၂၄၇၀၀ စီးထွက်ခဲ့ပြီး ဇွန်လတွင် မန္တလေးတိုင်း ဒေသကြီးသို့ အိတ် ၁၀၃၆၈၀၊ ရန်ကုန်တိုင်းဒေသကြီးသို့ အိတ် ၇၅၉၅၀၊ မကွေးတိုင်းဒေသကြီးသို့ အိတ် ၁၂၀၊ ရှမ်း(တောင်)သို့ အိတ် ၂၃၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်၂၃၅၀၀၊ နေပြည်တော်သို့ အိတ် ၃၁၅၀၀၊ ကချင်ပြည်နယ်သို့ အိတ် ၆၅၀၀ စုစုပေါင်း အိတ်ရေ၂၆၄၂၅၀ တန်အား ဖြင့် ၁၃၂၁၂ ဒသမ ၅ တန်ထွက်ခဲ့သည့်အတွက် ယခင်လနှင့် နှိုင်းယှဉ် ပါက ယခုလတွင် အိတ်ရေ ၂၂၉၇၅၀ တန်အားဖြင့် ၁၁၄၈၇ ဒသမ ၅ တန် လျော့နည်းစီးထွက်ခဲ့ကြောင်းသိရသည်။

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုဆောင်ရွက်နိုင်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတို့အကြားကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၌ ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန် တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်ဒေါ်လာသန်း သုည ဒသမ ၀၀၈၃ ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ ၁၆၈ တန်၊ ဆီး(ဇီး)ဖတ် ၁၃၈တန်၊ ချင်း(ဂျင်း)အစို ၁၁၂ တန်တို့ကို တင်ပို့နိုင်ခဲ့သည်။ ငွေဈေးနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၀၈ ဒသမ ၁၈ တာကာနှင့် တစ်တာကာလျှင် ၂၆ ဒသမ ၇၀ ကျပ်ဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

# ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ပဲတီစိမ်းသစ်များ အရောင်းအဝယ်ဖြစ်

**ပြည် ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပွဲရုံများတွင် မိုးပဲတီစိမ်းများ ဝင်ရောက်လျက်ရှိရာ ဇွန်လတွင် ဝက်ထီးကန်၊ ကံမ၊ ရွှေတောင်၊ ကျီးသဲဘက်တို့မှ တစ်ရက်လျှင် အိတ် (၃၀၀၊ ၄၀၀) ခန့် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ပဲတီစိမ်းထွက်ရှိရာ ဝက်ထီးကန်မြို့နယ်ဘက်မှ ပြည်မြို့သို့ ပဲတီစိမ်းအသစ်များ ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာ တစ်တင်းလျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**အကျိုးအမြတ်ပိုမိုရရှိ**

ယခင်နှစ်တွင် မိုးပဲတီစိမ်းစတင်ပေါ်သော ဈေးနှုန်းမှာ ကျပ် ၄၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယခင်နှစ် ပဲတီစိမ်း စတင်ပေါ်သော ဈေးနှုန်းထက် ယခုနှစ် ပဲတီစိမ်းအဖွင့်ဈေးနှုန်းမှာ ကျပ် ၁၂၀၀၀ ခန့် ဈေးနှုန်းပိုမိုခဲ့ပြီး အရောင်းအဝယ်အနေဖြင့် မန္တလေးဝယ်လက်များမှ တစ်ရက်လျှင် အိတ် (၃၀၀၊ ၄၀၀)ခန့် အဝယ်ရှိပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပြည်ခရိုင် ပြည်မြို့အတွင်း ပဲတီစိမ်းဈေးနှုန်းမှာ ယခင်နှစ်ထက် မြင့်တက်နေသည့်အတွက် ပဲစိုက်တောင်သူများအနေဖြင့် ယခင်နှစ်ထက် အကျိုးအမြတ် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ နှမ်းများ ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်



**ရွှေဘို ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ မူးမြစ်ဝှမ်းဒေသများမှ နှမ်းနက်များ ဝင်ရောက်လျက်ရှိကြောင်း၊ ဇွန်လ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းပေါက်ဈေးမှာ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၁၁၆၀၀ ရှိခဲ့ပြီး ဇွန်လစတုတ္ထပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းပေါက်ဈေးမှာ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၁၃၀၀၀ ရှိ၍ တစ်ပတ်အတွင်း တင်း ၂၀၀၀ တန်အားဖြင့် ၄၉ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇွန်လ တတိယပတ်နှင့် စတုတ္ထပတ် ဈေးနှုန်းနှိုင်းယှဉ်ပါက ဇွန်လစတုတ္ထပတ်တွင် နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၄၀၀ ဈေးနှုန်းပိုမိုခဲ့ပြီး ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

# လွယ်ဂျယ်နယ်စပ် ကုန်စည်စီးဆင်းမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ဇွန်၂၈ ရက်မှ ဇူလိုင် ၂ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၂၈ ဒသမ ၅၀ တန်၊ ဆန်ကွဲ တန် ၁၃၀၊ မြေထောက်ပဲ ၃၃ တန်၊ ပြောင်း ၄၄ တန်နှင့် တစ်သျှူးငှက်ပျော ၉၆ တန်တို့ အများဆုံးတင်ပို့နိုင်ခဲ့သည်။

ပို့ကုန်ပစ္စည်းဈေးနှုန်းများအနေဖြင့် မြေထောက်ပဲ တစ်တန်လျှင် ၁၄၈၄ ဒေါ်လာ၊ ဆန်ကွဲတစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ ဆန်တစ်တန်လျှင် ၄၆၄ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ ၊ တစ်သျှူးငှက်ပျော တစ်တန်လျှင် ၃၃၄ ဒေါ်လာဖြစ်သည်။

သွင်းကုန်အနေဖြင့် ပိတ်လိပ်တန်ချိန် ၉၇ ဒသမ ၅၀ တန်၊ ဓာတ်မြေဩဇာတန်ချိန် တန် ၁၃၀၊ ကုန်စုံတန်ချိန် ၅၈ ဒသမ ၄၀တန်၊ ကော်စေ့တန်ချိန် ၁၅ တန်၊ ပီနံအိတ်တန်ချိန် ၁၃ တန်၊ ပလတ်စတစ်လိပ်တန်ချိန် ၃၂ တန်၊ စက်နှင့် စက်ပစ္စည်းအရေအတွက် နှစ်တန်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊ သံပြား တန် ၆၀၊ လက်တွန်းထွန်စက် အစီး ၄၀၊ မီးဖိုချောင်သုံးပစ္စည်း ၆၁ ဒသမ ၀၂ တန်၊ ချည်ခင် ၁၄ ဒသမ ၇၀ တန်၊ ထွန်စက်သုံးစီး၊ ဆေးနှင့်ဆေးပစ္စည်း ၁၁၃၀၄၀၊ လျှပ်စစ်ပစ္စည်း ၇၅၀၀ တို့ အများဆုံး တင်သွင်းနိုင်ခဲ့သည်။ ဈေးနှုန်းများအနေဖြင့် လေးဘီး ထွန်စက်တစ်စီးလျှင် ဒေါ်လာ ၈၀၀၀၊ နှစ်ဘီးထွန်စက်တစ်စီးလျှင် ဒေါ်လာ ၆၀၀၊ ပိတ်လိပ်တစ်တန်လျှင် ၅၉၇ ဒေါ်လာ၊ ကော်စေ့တစ်တန်လျှင် ဒေါ်လာ ၁၀၀၀၊ ပီနံအိတ် တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ဓာတ်မြေဩဇာတစ်တန်လျှင် ၃၅၀ ဒေါ်လာ၊ ပလတ်စတစ်လိပ်တစ်တန်လျှင် ဒေါ်လာ ၇၀၀၊ ဂျပ်စက္ကူ တစ်တန်လျှင် ဒေါ်လာ ၃၅၀၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံချောင်း၊ သံပြား တစ်တန်လျှင် ၆၇၉ ဒေါ်လာ၊ ချည်ခင် တစ်တန်လျှင် ၆၆၇ ဒေါ်လာဖြစ်သည်။

**၃-၇-၂၀၁၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၅၀၀ | | ၁၀၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၈၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၅၀ | | ၁၆၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၈၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၇၀၀ | ၆၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၇၀၀၀ | ၅၇၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၄၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၅၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၂၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၈၀၀၀ | ၄၈၀၀ | ၈၈၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၃၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၆၀၀ | ၁၁၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၉၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၉၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၆၀၀ | ၉၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၄၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၅၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၇၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၁၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | ၂၇၀၀ | ၁၃၅၀၀ | ၇၅၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၄၅၀၀ | ၇၅၀၀ | ၈၀၀ | ၈၇၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၂၅၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၃၅၀၀ | ၇၈၀၀ | ၂၅၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၀၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၈၀၀ | ၇၈၀၀ | | ၉၀၀၀ | ၆၀၀ | ၈၃၀၀ | ၆၈၀၀ | ၃၂၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၇၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၇၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၃၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၈၃၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ ဘားအံ၊ ပုသိမ်နှင့် ကလေးတွင် ၃၀၀ကျပ်၊ မုံရွာနှင့် ပခုက္ကူတွင် ၂၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လွိုင်ကော်နှင့် မော်လမြိုင်တွင် ၁၀၀၀ကျပ်၊ ဘားအံတွင် ၂၀၀၀ကျပ်၊ မြိတ်နှင့် ပြည်တွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ ထားဝယ်နှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀ကျပ် ၊ မြေပဲဆန် တစ်ပိဿာလျှင် ဘားအံတွင် ၁၂၀၀ကျပ် ၊ ထားဝယ်တွင် ၁၀၀၀ကျပ် ၊ မြိတ်တွင် ၅၀၀ကျပ် ၊ ထားဝယ်တွင် ၅၀၀ကျပ် ၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ် ၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ် ၊ မုံရွာတွင် ၁၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် ပြည်တွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ထားဝယ်တွင် ၃၀၀ကျပ်၊ မန္တလေးတွင် ၅၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ထားဝယ်တွင် ၁၀၀၀ကျပ်၊ ပခုက္ကူတွင် ၅၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ၂၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် မြိတ်နှင့် ပခုက္ကူတွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ကလေးတွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV-HD)မှ အများပြည်သူ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၇-၇-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ ပြင်ပတေးသံရှင်များနှင့် ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို **"စိမ်းမို့မို့ အမှတ်တရတေးများ"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

(၇-၇-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "စိမ်းမို့မို့ အမှတ်တရတေးများ" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ကမ္ဘာကိုလှပါစေ | ဌာနအဆိုရှင် |
| ၂။ | အေးတဲ့ည | ဌာနအဆိုရှင် |
| ၃။ | တောင်ပြာတန်းကမောင်မောင်စစ်သည် | ဌာနအဆိုရှင် |
| ၄။ | ကိုကိုမူပိုင် | ပြင်ပအဆိုရှင် |
| ၅။ | မိုး | ပြင်ပအဆိုရှင် |
| ၆။ | လွမ်းငွေ့ဝေဝေ | ပြင်ပအဆိုရှင် |
| ၇။ | ပန်းပေးပါတယ် | ပြင်ပအဆိုရှင် |
| ၈။ | ရင်ထဲကကောင်လေး | ပြင်ပအဆိုရှင် |
| ၉။ | ငပလီကမျှော်နေမယ် | ပြင်ပအဆိုရှင် |
| ၁၀။ | မျက်ဝန်းစကား | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၉၃၁)၊ အကျယ်အဝန်း (၂၄၀၀) စတုရန်းပေရှိ ဒေါ်လမာရွယ် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ်(၉၃၁)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် အဆောက်အဦအား လက်ရှိအမည်ပေါက် ပိုင်ဆိုင်နေထိုင်သူ ဒေါ်လမာရွယ် မှတ်ပုံတင်အမှတ် [၁/မကန (နိုင်) ၀၀၁၁၄၀] ကိုင်ဆောင်သူကသာလျှင် ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေမှလည်းအပြီးအပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စွာလင်း** — **အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၃)**

**ဦးကိုကိုရဲလွင်** — **အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၂)**

**အမှတ်(၄၇၄/က)၊ အောင်သပြေ(၁)လမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၉၆၉၉၈၅၉၈၇၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်ဒီပါလမ်း၊ မြေကွက်အမှတ်(၁၇၉)၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ) ရှိ မြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စောမြင့် [၁၂/လမန(နိုင်)၀၁၇၇၄၄] ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဉာဏမျိုး (LL.B, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၄၇၃)**
**အမှတ်(၈၂၆)၊ ဗိုလ်ပျိုလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၇၈၄၅၁၀၄၄၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကစင်ကျေးရွာ၊ ခရေးလမ်း၊ အမှတ်(၉၅၀) ဟုခေါ်တွင်သော မြေတိုင်း ရပ်ကွက်အမှတ်-ရလပ-၂၃၊ မြေကွက်အမှတ်-၉၅၀၊ ဧရိယာ(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်အမြင့် [၁၄/ပသန(နိုင်)၁၄၉၈၆၇]၊ ဒေါ်စောမြတ်သစ္စာ [၁၂/ဗဟန(နိုင်)၀၀၃၂၀၁] တို့က တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ယင်းမြေကွက်နှင့်ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆင့်သီရိခင်ဇော် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၄၄)**
**အမှတ်(၃၇)၊ ရာဇဓိရာဇ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၁၃၈၁၂၇၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း(၂၆)ရပ်ကွက်၊ ကန်ပတ်လမ်း၊ အမှတ်(၁၀၁၉)ဟု ခေါ်တွင်သော မြေတိုင်း ရပ်ကွက်-ရလပ(မ)-၂၆၊ မြေကွက်အမှတ်-၁၀၁၉၊ ဧရိယာ (၄၀ပေx၆၀ပေ)ရှိ ဦးမြသိန်းအမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ရှိထား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးစောမိ [၁၀/ပမန(ပြု)၀၀၄၁၇၃]က ဝန်ခံကတိပြုကမ်းလှမ်းချက်အရ အဆိုပါ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေမှ ယင်းမြေကွက်နှင့် ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်စုံတစ်ရာမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆင့်သီရိခင်ဇော် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၄၄)**
**အမှတ်(၃၇)၊ ရာဇဓိရာဇ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၁၃၈၁၂၇၂**

## "ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ရွှေဂုံတိုင် လမ်းမကြီး၊ အမှတ်-(၃၆၁)နေ ဒေါ်ခင်ခင်စံ [၁၁/မပတ(နိုင်)၀၂၈၈၈၅] သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၅၇၄၇/၂၀၂၃)ဖြင့် မှတ်ပုံတင်သွင်းထားသည့် ကုန်အမှတ်တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်-

SINCE 1999
MIN LAN
FRESH SEAFOOD & RAKHINE FOOD

အထက်ဖော်ပြပါ – 'MIN LAN' အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ ရခိုင်လက်ညှစ်မုန့်တီနှင့် လတ်ဆတ်သော ပင်လယ်စာ/ မုန့်တီဟင်းရည် အခြောက်ထုပ်များကို အရွယ်အစား အမျိုးမျိုးဖြင့် ကိုယ်တိုင်ထုတ်လုပ်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းနှင့် ပတ်သက်ဆက်နွယ်သည့် စာရွက်စာတမ်း၊ ကြေညာ၊ E-mail၊ Website ၊ Letter Head ၊လက်ကမ်းကြေညာ၊ ရေဒီယို၊ ရုပ်မြင်သံကြားကြေညာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ဘလောက်ဒီဇိုင်း၊ တံဆိပ်တုံး၊ ငွေပြေစာ၊ ဆိုင်းဘုတ်၊ ဗီနိုင်း၊ ပြက္ခဒိန်၊ ကွန်ပျူတာ၊ အင်တာနက်၊ လူမှုကွန်ရက်စာမျက်နှာတို့နှင့် ထုပ်ပိုးပစ္စည်းများ၊ ထည့်သွင်းပစ္စည်းများ အစရှိသည်တို့အပေါ်တွင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်လီ/လက်ကား ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်းထုတ်လုပ်သုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်ရန် သတိပေးထားခြင်း ဖြစ်ပါသည်။ အကယ်၍ အထက်ပါ ကုန်အမှတ်တံဆိပ်အား မှိုင်းမြင်းတုပ ပြုလုပ်သုံးစွဲမည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသဥ္ဇာသိန်း (LL.B)** — **(စဉ် - ၁၄၅၉၈)**

**ဒေါ်ပွင့်သူဇာ(LL.B)** — **(စဉ်-၁၄၅၉၂)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၂၁၁၁၇၂၀၄၊ ၀၉၂၆၂၆၈၅၇၄၄၊ ၀၉၂၆၄၆၉၇၉၀၉**

## "ကန့်ကွက်နိုင်ပါကြောင်း"
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ်(၆၂၁)၊ (အလျား ၄၀ပေ x အနံ ၆၀ပေ) ၊ ဧရိယာအကျယ်အဝန်း (၀.၀၅၅)ဧက၊ စတုရန်းပေ (၂၄၀၀)အကျယ်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြအေးကြည် [၁၁/မပတ(နိုင်)၀၀၁၁၁၆] အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဟုဆိုလာသူ ဒေါ်မြအေးကြည် ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကေခိုင်ကျော် [၁၂/ဥကတ(နိုင်) ၁၃၃၃၈၆] က အပြီးအပိုင် ဝယ်ယူရန်အရောင်းအဝယ် ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော မူရင်းအထောက် အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၂၂၅၅၅)**
**အမှတ် (၁၆၄၃) ၊ သိပ္ပံမောင်ဝလမ်း၊ ၄၂- ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၀၅၀၆၀၄၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ(၂၈)၊ မြေကွက်အမှတ် -၁၃၀၊ အကျယ်အဝန်း (၆၀x၈၀)ပေ၊ ဧရိယာ(၀.၁၁)ဧကအကျယ်ရှိ ဒေါ်စန်းစန်းမြ [၁၂/သဃက(နိုင်)၀၆၁၅၁၃] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၃၀၊ ဝန်ထမ်းကြီးပတ်လမ်း၊ ၁၅-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော အဆောက်အဦ အပါအဝင်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထား အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဝင့်လွှာဖြူ [၁၄/မအန(နိုင်)၂၁၀၉၇၇] ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေမှပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော် (စဉ်- ၉၇၈၀)၊ ဒေါ်စိုးစိုးနွယ် (စဉ်-၁၄၁၈၃)** | **ဦးမင်းမင်း (စဉ် - ၂၇၃၁၀)** |
| **ဒေါ်အေးမွန်သိန်း (စဉ်- ၁၆၂၆၉)** | **ဦးဇာနည်အောင် (စဉ်-၄၉၉၆၀)၊ ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |

**အမှတ်၊(၁၅၆) ရေစကြလမ်း၊ ရပ်ကွက်၊ (၉) မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၁၈၅**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းနိုင်(၈/မပန(နိုင်)၀၈၃၂၅၄)၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူ မအိမ့်ထက်လင်း@ Yumi Koသည် ပြည်ပနိုင်ငံတစ်ခုတွင်သွားရောက်အလုပ်လုပ်ကိုင် နေသူဖြစ်ပြီး ထိုသို့သွားရောက် လုပ်ကိုင်ရာတွင် မသမာသူများ၏ မမှန်မကန်ဆောင်ရွက်ပေးမှုများကြောင့် ပြည်ပနိုင်ငံငွေ အခက်အခဲအကြပ်အတည်းများနှင့် ကြုံတွေ့နေရပါသည်။

ထိုအခြေအနေအပေါ် အခွင့်ကောင်းယူ၍ မအိမ့်ထက်လင်း @ Yumi Ko အား ခြိမ်းခြောက်ခိုင်းစေခြင်း၊ ခြောက်လှန့်တောင်းဆိုခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို ရေးသားချက်များ ဆောင်ရွက်ခြင်း ပြုနေသည်ကို တွေ့မြင်ကြားသိနေရပါသည်။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ သမီးဖြစ်သူအား ထိုကဲ့သို့ ပြုမူဆောင်ရွက်နေသူများကိုတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

ဦးမင်းကိုဦး(LL.B)
အထက်တန်းရှေ့နေ
(စဉ် - ၄၈၃၂၁) (၃၀.၁၁.၂၀၁၆)
ဖုန်း၀၉၈၉၉၈၈၂၄၉၉

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်၊ အမှတ် (၁၀)၊ မြေတိုင်းရပ်ကွက် ( ၃-စီ၅) မြေကွက်အမှတ်(V - ၃)၊ ဧရိယာ(၂၅ပေ x ၅၀ပေ)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၂)ထပ် အဆောက်အအုံတည်ရှိပြီး အဆောက်အအုံအား မျက်နှာမူလျှက် မြေညီထပ်(ဝဲ)၊ ပထမထပ်(ဝဲ-ယာ) (၂)ခန်း၊ စုစုပေါင်း (၃)ခန်းနှင့်တကွ တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်များအားလုံးကို လက်ရှိ ပိုင်ဆိုင်သော ဦးလှမြင့်(ဘ)ရှာဟူးဟာမစ် [၁၂/ပဘတ(နိုင်)၀၂၀၀၁၅] မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးဂိုလ်ပါလ်မှ အရောင်းအဝယ်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လှိုင်သိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၂) (၂၆-၃-၂၀၁၄)**
**အမှတ် (၈)၊ K-4၊ (၇)လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၁၄၃၇၄၁**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ မေမြို့လမ်း၊ မြေတိုင်းရပ်ကွက် (အောင်ချမ်းသာတိုးချဲ့)၊ မြေကွက်အမှတ် (၁၅၈၁)၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ ပေ) ရှိ ဦးသိန်းနိုင် အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အားလုံးနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အဆိုပါ ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ထားသူ ဦးမျိုးသက် [၈/ခမန(နိုင်)၁၃၄၉၆၉] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သက်မို့အောင်က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်မာသော (မူရင်း) များနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၇၄၄)**
**09 986 252 417, 09 400 462 518**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅) ၊ စော်လှဘော်လမ်း ၊မြေကွက်အမှတ်(၃၈၂) မြေအကျယ်အဝန်း (၄၁x၆၀)ပေရှိ ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ပိုင်ဆိုင်ပြီးလက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ထွန်းအောင် [၁၂/ရကန(နိုင်)၀၁၄၇၇၅]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမိုးမြတ်ဖြိုး [၁၂/ပဘတ(နိုင်)၀၀၀၃၅၆] မှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် (၃၀-၆-၂၀၂၃) ရက်စွဲပါ အရောင်းအဝယ် စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ယခုကြေညာစာထုတ်သည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေစင်မင်း ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၄၇၃၉၄)**
**အမှတ်(၇၈၃)၊ ဗိုလ်ရာညွန့်လမ်း၊ (၅၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ၀၉-၇၇၆၅၅၁၁၆၉**

## (၃၀-၆-၂၀၂၃)ရက်စွဲပါ ကြေးမုံကြော်ငြာစာမျက်နှာ(၁၉) ကော်လံ(၂) ဒေါ်ဥမ္မာထွေး(တရားလွှတ်တော်ရှေ့နေ) ထည့်သွင်းကြော်ငြာထားမှုအပေါ် ထပ်မံဖြည့်စွက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးပိုင်အမှတ်(၂၂/ဃ)၊ ကွင်းအမည်-ကုလားစုကွက်၊ ကွင်းအမှတ်-၆၊ အလျား ၃၃' x အနံ ၇၅' ရှိ မြို့မြေအမျိုးအစား၊ ဦးဉာဏ်လင်းမြတ် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်ပျက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သောက်တော်တွင်းလမ်း၊ အမှတ်(၆/က)အား မြေအမည်ပေါက် ပိုင်ဆိုင်သူ ဦးဉာဏ်လင်းမြတ်ထံမှ ဦးအောင်သန်းက (၂-၃-၂၀၂၃) ရက်နေ့တွင် "နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် ဝယ်ယူခဲ့ပြီး အပြီးပေးမချေခင် ဦးဉာဏ်လင်းမြတ်၏ သဘောတူညီချက်ဖြင့် ၎င်းအိမ်ပျက်တိုင်လုံးများအား ဖျက်၍ ဘုန်းကြီးကျောင်းသို့ (၂၅-၃-၂၀၂၃)ရက်နေ့တွင် လှူဒါန်းခဲ့ပြီးဖြစ်၍ မြေကွက်သာကျန်ရှိပြီး ၎င်းမြေကွက်တန်ဖိုး အပြီးပေးချေသောအခါ စရန်ပေးစဉ်က ဝယ်ယူခဲ့သည့် ခေါင်းစဉ်အတိုင်း (၁၁-၅-၂၀၂၃)ရက်နေ့တွင် အပြီးပေးချေသောအခါ "နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဦးအောင်သန်း (KTN-110043)ကိုင်ဆောင်သူက ပေးချေ၍ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း အများသိစေရန် ဖြည့်စွက်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၅၀)**
**အမှတ်(၉/၁၁)၊ အခန်း(၂၀၂-E)၊ ဒုတိယထပ်၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၉၈၀၀၅၆၅၅၈၊ ၀၉-၄၃၁၃၂၇၆၇၃**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၅)၊ နီလာ (၁)လမ်း၊ မြေကွက်အမှတ် (၆၇၆) ဟုခေါ်တွင်သော ဦးဇေယျာမျိုး [၁၄/ဇလန(နိုင်) ၀၈၃၅၅၄] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ အနက်မှ မခွဲမစိတ်ရသေးသော ဂရန်(မိတ္တူခြမ်း)၊ မြေကွက်အမှတ် (၆၇၅)နှင့်ကပ်လျက်အခြမ်း၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်ကြည်ကြည်အေး [၁၂/ဥကတ(နိုင်)၀၄၅၅၅၁]မှ ဆက်စပ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့် တိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းထွန်း [၉/ပဘန(နိုင်)၀၆၆၈၄၈]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)**
**အမှတ် (A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉ ၄၅၄၁၅၃၄၇၄**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် (၁၇၂/၁၇၄)၊ (၆) ခန်းတွဲ (၈) ထပ်တိုက်၊ အခန်းအမှတ် (A2 မြေညီထပ်+ပထမထပ်) အကျယ်အဝန်း (အလျား ၁၅ပေx အနံ ၈၅ပေ) စီရှိ တိုက်ခန်း(၂)ခန်းနှင့်ယင်းတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဒေါ်ခင်ချိုပြုံး [၁၄/ပသန(ဧည့်)၀၀၀၁၆၄]မှ အဆက်စပ်စာချုပ် စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းများအရောင်း အဝယ်အပေါ် ကန့်ကွက် လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-စီဂျီ)၊ မြေကွက်အမှတ်-(၁၀၅၂)ရှိ မြေကွက်ပေါ်တွင် တည်ဆောက်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အနောက်အာဇာနည်လမ်း၊ တိုက်အမှတ်(၂၅)၊ (၁)ခန်းတည်း (၆)ထပ်တိုက်၏ တတိယထပ်(၄လွှာ)၊ (၁၈ပေx၃၈ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင် ထားသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား (၂-၄-၂၀၁၉)ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်"အရ ဒေါ်ငုကေခိုင်ကျော် [၁၂/ဗဟန(နိုင်)၀၉၂၇၉၀] မှ ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ခဲ့ပြီး ၎င်း၏ကိုယ်စားညီမဖြစ်သူ ဒေါ်နှင်းအိဖြူ [၁၂/ဗဟန(နိုင်)၀၉၇၇၃၆] မှ အရှုပ်အရှင်း ကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| ဒေါ်အေးသန့်ဇင် (LL.B, LL.M) | ဦးအောင်မျိုးခိုင် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၄၆) | တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၇၃၆) |
| (၂၁-၁၁-၂၀၁၃) | (၂၉-၆-၂၀၁၈) |

**အမှတ်(၁၉)၊ ပထမထပ်၊ ဂန္ဓမာလမ်း၊ (၆)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၉၀၀၃၄**

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့ နယ်၊ မုဒိတာအိမ်ရာ၊ အမှတ်(၇၇၃/ဘီ)နေ ဦးဝင်းကျော်(ခ)ဝင်းဌေးဦး [၁၃/ကခန(နိုင်)၀၈၁၇၇၆]နှင့် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ တာခြားရပ်ကွက်၊ (၄၅)လမ်းနေ ဒေါ်ထက်ထက်ဝင်းဦး [၇/ဖမန(နိုင်) ၁၈၇၃၃၃]တို့သည် (၂၀-၆-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးလူမှုရေးကိစ္စအသီးသီးတွင်လည်းကောင်း၊ ငွေကြေးပိုင်ဆိုင်မှုကိစ္စအသီးသီးတွင် လည်းကောင်း မည်သည့်ကိစ္စရပ်တွင် မဆို(လုံးဝ)ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကျော်(ခ)ဝင်းဌေးဦး နှင့် ဒေါ်ထက်ထက်ဝင်းဦးတို့၏**
**လွှဲအပ်ချက်အရ-**
**ဒေါ်သဲပွင့်ဖြူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၃၅၈၆)**
**အမှတ်(၄၃၅)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-400874300**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ် (၁၈)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ-၁၆/၄၄၅(က) ဟု ခေါ်တွင်သော ရေိယာ(၂၀x၆၀)ပေ ကျယ်ဝန်းသော မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအဆောင်(၆)ခန်း မြေကွက်နှင့်ပတ်သက်သော ဦးကျော်မြိုင်အမည်ပေါက် မြေချပါမစ်မူရင်းတစ်စုံနှင့် ဆက်စပ်စာချုပ်တို့ အပါအဝင် မြေကွက်တစ်ကွက်နှင့် ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ် (၁၈) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၆/၄၄၅(ခ) ဟုခေါ်တွင်သော (၂၀x၆၀)ပေ မြေကွက်၏ (ခြေရင်းခြမ်း) (၁၀x၆၀)မြေကွက်တစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအဆောင်(၃)ခန်း၊ မြေကွက်နှင့်ပတ်သက်သော ဦးမြသိန်းအမည်ပေါက် မြေချပါမစ်မိတ္တူမှန်တစ်စုံနှင့် ဆက်စပ်စာချုပ်မူရင်းတစ်စုံ စုစုပေါင်း မြေကွက်နှစ်ကွက်နှင့် လူနေအဆောင်(၉)ခန်းအပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ဒေါ်တင်တင်နွယ် [၁၂/မဘန(နိုင်)၀၅၀၁၆၁] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်များနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်လွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၂)**
**တိုက်(၂၈)၊ အခန်း(၁၀၃)၊ ကျန်စစ်မင်းအိမ်ရာ၊ အမှတ်(၈)**
**ရပ်ကွက်၊လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၀၀၉၇၁၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေရေိယာ(၀.၆၆၁)ဧက၊ မြေကွက်အမှတ်(ဥ-၄၀၀၁၊ ၄၀၀၂)၊ ဒေါ်ခင်ခင်မင်း(ဘ)ဦးခင်အောင်ကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးရဲနိုင်သိန်း [၈/ပခက(နိုင်)၀၃၇၃၈၅] (ဘ) ဦးဘိုသိန်းမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၅၈၁၄/၂၀၂၂(၂၀-၁၂-၂၀၂၂) တင်ပြ၍ ဒေါ်ဇာဇာထွန်း[၉/အမရ(နိုင်)၀၈၈၃၄၅](ဘ)ဦးလှဌေးအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ(၅)လမ်း၊ အမှတ်(၁၀၅၁)အမည်ရှိ ၂ခန်းတွဲ၆ထပ်တိုက်၏ တတိယထပ်(မြေညီအပါ၄လွှာ)(ခေါင်းရင်းခန်း-တိုက်ကိုမျက်နှာမူလျှင်ဘယ်ဘက်ခြမ်း)တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်မမမူ [၁၂/ကတတ(နိုင်)၀၁၈၇၇၇]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ဤတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဒေါ်မေဇွန်မိုး**
**[၁၂/သကတ(နိုင်) ၁၆၁၇၀၅]**
**Ph:09-43090869, 09-968096881**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ၁၄-ရပ်ကွက်၊ ၄-လမ်း၊ မြေကွက်အမှတ်-က/၁၉၀၊ တိုက်အမှတ်-၁၉၀၊ စတုတ္ထထပ်(၅-လွှာ)ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂½ပေ x ၄၇ပေ)အကျယ်ရှိတိုက်ခန်း နှင့် ရေ၊ လျှပ်စစ်မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားသူ ဒေါ်ညီညီပြုံး [၁၄/ဖပန(နိုင်)၁၂၇၇၉၉] ကိုင်ဆောင်သူမှ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းခိုင်[၁၂/မဂတ(နိုင်)၀၀၀၉၃၅] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမှာ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ အိမ်အမှတ်(၅၉)၊ ၆ ထပ်တိုက်(၆)လွှာ/ညာ(ခြေရင်းခန်း)၊ ဒဂုံသီရိလမ်း၊ အကျယ်အဝန်း(၃၀ x ၆၀)ပေမှ (၁၅ x ၆၀)ပေပိုင်ဆိုင်ထားရှိသူ ဒေါ်ပိုပိုသိန်း[၉/မလန(နိုင်)၀၉၇၃၀၉]ကိုင်ဆောင်သူမှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ သဘောတူသည့်အလျောက် ကျွန်မ ဒေါ်မေကေရီမိုး[၁၂/တမန(နိုင်)၀၀၀၈၅၄]မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းစာချုပ်မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေကေရီမိုး**
**ဖုန်း-09-456850783**

## (၂၄-၁-၂၀၂၃)ရက်စွဲပါကြေးမုံသတင်းစာတွင် ဦးစိုးဝင်းမြင့်၏ တရားလွှတ်တော်ရှေ့နေများဖြစ်သော ဒေါ်နန်မိုင်(စဉ်-၁၅၀၄၂)၊ ဒေါ်နန်းမြင့်မြင့်အေး(စဉ်-၁၄၉၃၉)တို့၏ အများသိစေရန် ကြေညာခြင်းအပေါ် ကန့်ကွက်ရှင်းလင်းပြီး အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၈)လမ်း၊ တိုက်အမှတ်(၇)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေသန္တာမျိုးအောင်(ဘ) ဦးမျိုးအောင်[၁၂/ဥကတ(နိုင်)၁၅၄၉၅၆]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန္တာမျိုးအောင် (ဘ)ဦးမျိုးအောင် [၁၂/ဥကတ(နိုင်)၁၅၄၉၅၆] နှင့် ဦးစိုးဝင်းမြင့် (ဘ)ဦးဝင်းမြင့် [၁၂/အစန(နိုင်)၁၉၆၈၁၁] ကိုင်ဆောင်သူတို့သည် မြန်မာလူမျိုး/ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပြီး (၁၇-၅-၂၀၁၁)ခုနှစ်မှစတင်၍အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ပြီး (၂၀၂၀)ခုနှစ် (၃)လပိုင်းတွင်လည်းကောင်း၊ ယနေ့အချိန်ထိလည်းကောင်း ခင်ပွန်းဖြစ်သူ ဦးစိုးဝင်းမြင့် ခွင့်မလွှတ်နိုင်သောကိစ္စရပ်များပြုလုပ်ခဲ့ခြင်းမရှိသည့်အပြင်နေအိမ်မှ အကြောင်းမဲ့ဆင်းခဲ့ခြင်းမျိုး၊ ခင်ပွန်းဖြစ်သူအား စွန့်ပစ်ခဲ့ခြင်းမျိုးမရှိခဲ့ပါ။ ခင်ပွန်းဖြစ်သူမှာ နိုင်ငံခြားတွင်အလုပ်လုပ်ကိုင်နေပြီး ကျွန်ုပ်၏မိတ်ဆွေမှအမြဲတစေဆက်သွယ်သော်လည်း ဦးစိုးဝင်းမြင့်မှ (၂၀-၁၀-၂၀၂၂) ရက်နေ့နောက်ပိုင်းတွင် ဆက်သွယ်မခံခြင်းသာဖြစ်ပြီး ယနေ့အချိန်ထိ မည်သည့်တရားရုံးတွင်မျှကွာရှင်းထားခြင်း၊ စာချုပ်စာတမ်း လက်မှတ်ရေးထိုးကွာရှင်းထားခြင်းမရှိသေးပါ။ ထို့ကြောင့်ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးစိုးဝင်းမြင့်တို့သည် ယနေ့အထိအကြင်လင်မယားအဖြစ် ဆက်လက်တည်ရှိနေပြီး ကျွန်ုပ်၏မိတ်ဆွေသည်သာ တရားဝင်ဇနီးဖြစ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဇော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၈၂)**
**အမှတ်(၇၆/က)၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊**
**ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်အမှတ်(၁၂၃)၊ အခန်း(၁၀၂)၏ ပထမထပ်တိုက်ခန်းအကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)အပါအဝင် ရေ၊ မီးအစုံ အကျိုးခံစားခွင့်ရှိ ဆက်စပ်စာချုပ်၏ လက်ရှိအမည်ပေါက် ဒေါ်ခင်သဲမာ [၁၂/အလန(နိုင်)၀၈၃၉၅၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက တိုက်ခန်းအရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**လမ္ဘတော် ဦးစိန်ဝင်း L.L.B (Final Year)1992**
**H.G.P (LC, No-12543) (1984)**
**ခြံအမှတ်(၁၆၅)၊ မြတ်မင်္ဂလာလမ်း၊ (၂၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၇၅၈၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း (၄၁/တ/၁၅)ရပ်ကွက်၊ အိမ်အမှတ် (၁၀၀၉/ခ) ဟုခေါ်တွင်သော ဦးသန်းမောင် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေအကျယ်ပေ (၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းထွန်းဆတ် [၁၄/ဟသတ(နိုင်)၂၄၆၆၁၅]မှ စာချုပ်ဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ခိုင်ဝင်း[၉/မခန(နိုင်)၁၅၂၇၅၂] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန် သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

| ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်သက်ခိုင်ဝင်း | ဒေါ်လွဲ့လွဲ့ကျော် (LL.B) |
| | တရားလွှတ်တော်ရှေ့နေ စဉ် (၁၄၈၇၃) |
| | ဖုန်း-၀၉-၇၉၉၇၇၇၄၀၀ |
| | လှော်ကား၊ ရွှေပြည်သာမြို့နယ်။ |

## ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ သစ်တောလမ်း၊ အမှတ် (၅၈)ဟုခေါ်တွင်သောအဆောက်အဦနှင့် အဆိုပါအဆောက်အဦဆောက်လုပ်ထားသော စူရတီစွန်နီအိ(ဒ်)ဂါဂေါပကအဖွဲ့(အလုံ)ပိုင် (၁၂½'x၅၀') မြေကွက်အမှတ်(၁၄) ပေါ်တွင် ငှားရမ်းနေထိုင်ခွင့်ကို ဝယ်ယူပြီးဖြစ်သောကြောင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါမြေသည် ကွယ်လွန်သူ ဖခင်ကြီးဦးတင်လှအမည်ဖြင့် စူရတီစွန်နီအိ(ဒ်)ဂါဂေါပကအဖွဲ့(အလုံ)ထံမှ အငှားချထားခဲ့သော မြေဖြစ်ပြီး၊ အဆိုပါမြေပေါ်ရှိ အမှတ်(၅၈)၊ သစ်တောလမ်းဟုခေါ်တွင်သော အဆောက်အဦမှာ ယခုရောင်းချသူများ၏လက်ဝယ်ထားရှိလျက်ရှိပါသည်။ ယခုရောင်းချသူများက ကွယ်လွန်သူ၏ သားသမီးဖြစ်၍ အဆိုပါမြေငှားရမ်းခွင့်နှင့် အဆောက်အဦကို လွှဲပြောင်းပေးပိုင်ခွင့်ရှိသူများဟုအဆိုပြုသော ၁။ ဦးအောင်မြင့် [၁၂/အလန(နိုင်)၀၀၁၃၉၃]၊ ၂။ ဒေါ်အေးကြည် [၁၂/အလန(နိုင်) ၀၀၁၃၉၂]၊ ၃။ ဦးမြင့်စန်း [၁၂/အလန(နိုင်)၀၃၄၉၈၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းများ၏ အကျိုးသက်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြေညာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ မြေအငှားချထားမှုကို စူရတီစွန်နီအိ(ဒ်)ဂါ ဂေါပကအဖွဲ့(အလုံ)တွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၈)**
**၃၈၊ ၃လွှာ၊ ရောဝတီလမ်း၊ အလုံမြို့နယ်။**
**Ph:09-43095369**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၂၄၄)၊ (၄၀'x ၆၀')အကျယ်အဝန်းရှိ ဦးအောင်မင်း အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၂၂၄)၊ ဂန္ဓမာကံမြင့်ကွန်ဒို၊ (၂)ခန်းတွဲ (၈½)ထပ်တိုက် အဆောက်အဦ၏ (၅-လွှာ)၊ အခန်းအမှတ် (5B)၊ တိုက်မျက်နှာမူလျှင် (ညာဘက်ခြမ်း)၊ (၁၉'x ၅၄') အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးကြည်သာဟန် [၁၂/ပဘတ(နိုင်)၀၃၀၃၂၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ထွန်း [၁၁/ပမန(နိုင်)၀၇၅၁၉၀] ကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုအ ထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးကိုကိုဇော် | ဒေါ်နှင်းဇာခြည်မြင့် |
|---|---|
| LL.B, W.I.P.O (Swit) | LL.B,D.B.L,D.M.L, D.I.L,D.I.P.L, W.I.P.O (Swit) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၁) |

**အမှတ် (၆၂)၊ ပထမထပ်၊ အခန်း (၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၃၉၇၀၊ ၀၉-၂၅၄၅၄၆၃၆၅၊ ၀၉-၄၄၃၁၀၅၅၈၃**

## အမည် (၃) မျိုးဖြင့် လူတစ်ဦးတည်းဖြစ်ကြောင်း

